မမ္မစရိယာစ တေံ မင်္ဂလ မုတ္တမံ၊ ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၃၁)

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို

"နိုင်ငံတော်နှင့် တိုင်းရင်းသားခေါင်းဆောင်များ၏ လက်တွဲညီညီ ကြိုးစားအားထုတ်မှုများကြောင့် သမိုင်းနှင့်ချီ၍တည်ရှိခဲ့သော ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေဖြစ်သည့် ဘိန်းစိုက်ပျိုးမှုများကို အောင်မြင်စွာ တားဆီးနိုင်ခဲ့သည်။"

မောင်မောင်မြင့်ဆွေ၏(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး **"နယ်စပ်ဒေသမူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ချက်များ"** ကို စာမျက်နှာ (၈၊ ၉)၊ ကျော်ခေါင်ဗလ၏ **"လက်တွဲညီညီ ရွှေသို့ချီ"** ကဗျာကို စာမျက်နှာ(၁၀)နှင့် **"ရေဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း"** တို့ကို စာမျက်နှာ(၇)တွင် ဝေဝေဆာဆာ ဖော်ပြထားပါသည်။

မြန်မာ့အလင်း

တိုင်းရင်းသားအားလုံး၏စုပေါင်းညီညွတ်မှုအားဖြင့်ကြိုးစားပါက နိုင်ငံတော်သစ်ကိုအခိုင်အမာတည်ဆောက်နိုင်မည်

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ ဖြစ်ထွန်းလျက်ရှိရာ တိုင်းရင်းသားအားလုံး၏ စုပေါင်းညီညွတ်မှုအားဖြင့် ထပ်ဆင့်တိုးတက် ကြိုးစားမည်ဆိုပါက မဝေးတော့သည့် ကာလတွင် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို အခိုင်အမာ တည်ဆောက်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၄)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှုတိုးတက်ရေးဖြည့်ဆည်းစီမံဆောင်ရွက်ပေးထား
လျှပ်စစ်ဓာတ်အားနှင့်စက်သုံးဆီတိုးမြှင့်ရရှိရေးကြိုးပမ်းထုတ်လုပ်နေ
မဂ္ဂါဝပ်၁၂၀၀ကျော်ထုတ်ယူနိုင်မည့်ထမံသီရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

စစ်ကိုင်းတိုင်း မုံရွာမြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံသည်။

စာမျက်နှာ ၄ ကော်လံ ၁

မုံရွာစက်မှုဇုန်ပြခန်း စစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးစစ်ကိုင်းတိုင်း မုံရွာစက်မှုဇုန်ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

နိုင်ငံတော်နှင့်ပြည်သူများ အကျိုးသက်ရောက်မှုမြန်မြန်ရရှိရေး ရေအားလျှပ်စစ်စီမံကိန်းများအမြန်ပြီးစီးရေးကြိုးပမ်းဆောင်ရွက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုတည်ဆောက်ရာ၌ လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်လျက်ရှိသည်။ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လက်ရှိတတိယကာလတိုငါးနှစ်စီမံကိန်းကာလအတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၂၀၀၀ကျော် ထပ်မံထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ဒေသအသီးသီး၌ ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာတွင် ချင်းတွင်းမြစ်ဝှမ်း၌လည်း စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန် လေ့လာဆောင်ရွက်နေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီလ ၃ ရက် ညနေပိုင်းတွင် ဘုတလင်မြို့နယ်နှင့် ကနီမြို့နယ်နယ်စပ် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်မည့် ချင်းတွင်းမြစ်၏ ရွှေစာရေးမြစ်ကျဉ်းနေရာကို လည်းကောင်း၊ ချင်းတွင်းမြစ်၏ အနေအထားကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာ၌-

"ချင်းတွင်းမြစ်ရေကို အသုံးချ၍ ဆောင်ရွက်နိုင်သည့် ရေအားလျှပ်စစ် စီမံကိန်းများဖြစ်သည့် ထမံသီ ရေအားလျှပ်စစ်စီမံကိန်း၊ ဟုမ္မလင်း ရေအားလျှပ်စစ်စီမံကိန်း၊ မော်လိုက် ရေအားလျှပ်စစ်စီမံကိန်း၊ ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းတို့အနက် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းကိုစတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည်နှင့်အမျှ နိုင်ငံတော်အတွက်၊ ပြည်သူများအတွက် အကျိုးသက်ရောက်မှု မြန်မြန်ရရှိမှာဖြစ်ကြောင်း၊ ထို့ကြောင့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းအတွက် လိုအပ်သည့် အသေးစိတ်လေ့လာတိုင်းတာမှုများကို ဆောင်ရွက်ရင်း တစ်ဖက်ကလည်း သေချာသည့်အကြိုအင်ဂျင်နီယာလုပ်ငန်းများကို တစ်ပြိုင်တည်း အကောင်အထည်ဖော်သွားရန်ဖြစ်ကြောင်း"

မှာကြားသည်။

ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၆၀၀ကျော် ရရှိမည်ဖြစ်သည်။

ထို့ပြင် ချင်းတွင်းမြစ်ဝှမ်းအတွင်းရှိ စိုက်ပျိုးနိုင်သောမြေကေနှစ်သန်းခန့်အနက် ၂၅ရာခိုင်နှုန်းခန့်ကို တစ်နှစ်ပတ်လုံး ရေသွင်းစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် ရေအရင်းအမြစ်များစွာရှိသည်။ ပဏာမလေ့လာတိုင်းတာမှုများအရ ရေအားလျှပ်စစ်ဓာတ်အား ပမာဏမဂ္ဂါဝပ်၃၉၀၀၀ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းအတွင်း၌ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်နေရာ ၂၁ခုရှိပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၄၀၀ခန့် ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။

ဤစီမံကိန်း၂၁ ခုအနက် ၁ဒသမ၂၆မဂ္ဂါဝပ်ထုတ်ယူရရှိသည့် ကလေးမြို့နယ်မှ ဇီးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ၁ဒသမ ၀၅ မဂ္ဂါဝပ်ထုတ်ယူရရှိသည့် လဟယ်မြို့နယ်မှ လဟယ်ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၃၀ ထုတ်ယူရရှိသည့် ကျွန်းလှမြို့နယ်မှ သဖန်းဆိပ်ရေအားလျှပ်စစ်စီမံကိန်းတို့မှာ တည်ဆောက်ပြီး စီမံကိန်းများဖြစ်သည်။

ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက်၌ ရေအားလျှပ်စစ်ထုတ်နိုင်သည့် ထမံသီ၊ ဟုမ္မလင်း၊ မော်လိုက်နှင့်ရွှေစာရေး စသည့် စီမံကိန်းများအနက် ထမံသီရေအားလျှပ်စစ်စီမံကိန်းမှာ ပဏာမလေ့လာတိုင်းတာထားမှုအရမဂ္ဂါဝပ်၁၂၀၀ကျော်ရရှိမည့် စီမံကိန်းဖြစ်သည်။

ထမံသီ ရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ်ဓာတ်အားပမာဏ များပြားစွာထုတ်ယူရရှိမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏကြီးမားပြီး ငွေကြေးများစွာ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရမည့် စီမံကိန်းလည်းဖြစ်သည်။

ချင်းတွင်းမြစ် မိုးရာသီရေလျှံမှုကို ထိန်းသိမ်းနိုင်ရန်၊ ရေကြောင်းသွားလာမှု လွယ်ကူချောမွေ့စေရန်၊ ရေအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး နိုင်ငံတော်၏ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် အထက်ပါရေအားလျှပ်စစ် စီမံကိန်းများပါရှိသည့် ချင်းတွင်းမြစ်ဝှမ်း ဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့ အကျိုးသက်ရောက်မှု မြန်မြန်ရရှိရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူအသီးသီးက ရေအားလျှပ်စစ်စီမံကိန်းများ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ပြီးစီးရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ အရောက်လှမ်းမည့် ပြကွင်းပြကွက်များကို ပြသထားသော သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းပြခန်း၏ တစ်စိတ်တစ်ဒေသ မြင်ကွင်း။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

■ *ကျောဖုံးမှ*

ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ မူးယစ်ဗဟိုစသည့် ပြခန်းများ၊ခိုင်မြဲလက်တွဲ တို့မခွဲ အမြဲစည်းလုံးမည် ပြကွက်များ ပြသထားသည်။

ပေါင်းစုညီညာ၊ ပြည်မြန်မာ ပြကွက်တွင် လူသားအစ မြန်မာက ပရိုင်းမိတ်များတွေ့ရှိရာ ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်းများ ပြသထားသည်။ မြန်မာ့သမိုင်းခေတ်အဆက်ဆက် ပိုင်းခြားမှုပြကွက်တွင် မြန်မာနိုင်ငံ၏ သမိုင်းကို စာပေအထောက်အထား ခိုင်ခိုင်မာမာမှတ်တမ်း တင်ထားခြင်းရှိ၊ မရှိအပေါ်မူတည်၍ သုံးပိုင်းခွဲခြားပြသထားသည်။ ပထမပိုင်း သမိုင်းမတင်မီခေတ်(Pre Historie Period)ပရိုင်မိတ် တွေ့ရှိသော လွန်ခဲ့သည့် နှစ်သန်း ၄၀ က စတင်သည့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်တို့ဖြစ်သည်။

ဒုတိယပိုင်း သမိုင်းတင်ခေတ်ဦး (Pro Historie Period) ပျူခေတ် (ဘီစီ-၅ရာစု၊ အေဒီ-၉ရာစု)၊ တတိယပိုင်း သမိုင်းတင်ခေတ်(Historie Period) ပုဂံခေတ်တွင် မြန်မာနိုင်ငံကို ပထမ မြန်မာနိုင်ငံတော်အဖြစ် ထူထောင်နိုင်စွမ်းရှိသော အနော်ရထာမင်းကြီးနန်းစံသည့် အေဒီ-၁၀၄၄မှစ၍ စာပေ မှတ်တမ်းမှတ်ရာများ တွေ့ရှိရသဖြင့် ထိုအခါမှ နောက်ပိုင်းကို သမိုင်းခေတ် သတ်မှတ်သည်။ သမိုင်းတင်ခေတ်အဆက်ဆက်မှ ပုဂံခေတ် (အေဒီ-၁၁ ရာစုမှ ၁၃ ရာစု)၊ ပင်းယခေတ် (အေဒီ-၁၃ ရာစုမှ ၁၄ ရာစု)၊ အင်းဝခေတ် (အေဒီ-၁၄ ရာစုမှ ၁၆ရာစု)၊တောင်ငူခေတ် (အေဒီ-၁၆ ရာစုမှ ၁၇ ရာစု)၊ ညောင်ရမ်းခေတ် (အေဒီ-၁၇ ရာစုမှ ၁၈ ရာစု)၊ ကုန်းဘောင်ခေတ် (အေဒီ-၁၈ ရာစုမှ ၁၉ ရာစု) ဖြစ်သည်။

ပြည်နယ်ခုနစ်ခု၊ တိုင်းခုနစ်ခု ပြကွက်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်း ရင်းသားလူမျိုးများ နေထိုင်ရာ ဒေသ၊ မျိုးနွယ်၊ စာပေယဉ်ကျေးမှုရိုးရာ ဓလေ့ပွဲတော် စသည့်တို့ ပြသထားသကဲ့သို့ တိုင်းဒေသပြခန်းများကိုလည်း ဖွံ့ဖြိုး တိုးတက်မှုများ၊ ထူးခြားမှုများ ပြသထားသည်။ ပြည်ထောင်စုနေ့ ပေါ်ပေါက်လာပုံနှင့် လွတ်လပ်ရေးရရှိခြင်း ပြကွက်တွင် ပြည်ထောင်စုကြီး၏သန္ဓေ ပင်လုံမြေ၏ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပင်လုံညီလာခံနှင့် ပတ်သက်၍ ပြသထားသည့် ပင်လုံသည် ပြည်ထောင်စုသား တိုင်းရင်းသားများ၏ အသည်းနှလုံးဖြစ်သည်။ ပင်လုံမြေမှ အခြေချနိုင်ခဲ့သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံသည် လွတ်လပ်ရေးကို ရရှိခဲ့ခြင်း ဖြစ်သည်။ ပင်လုံသန္ဓေ ပင်လုံအမွေကြောင့် ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာခဲ့သည်။

ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဖော်ဆောင်မှုပြခန်းတွင် ဘယ်ခေတ်ဘယ်အခါနှင့်မတူတည်ငြိမ်အေးချမ်းမှုရလာသော နယ်စပ်ဒေသများအပါအဝင်နိုင်ငံတစ်ဝန်းနိုင်ငံတော်အစိုးရ၊တိုင်းရင်းသားခေါင်းဆောင်များလက်တွဲ၍ လမ်းပန်း ဆက်သွယ်မှုကောင်းမွန်ရေး၊ ပညာရေး၊ကျန်းမာရေးနှင့် လူနေမှုဘဝမြင့်မားရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ ရောင်းဝယ်ဖောက်ကားရေး ကောင်းမွန်သည့် စီးပွားရေးဘဝ ဖွံ့ဖြိုးရေးတို့ကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ ပြသထားသည်။ ပြည်ထောင်စုနေ့ပြခန်းတွင် အများပြည်သူစိတ်ဝင်စားစရာ သတ္တုတွင်းဝန်ကြီးဌာန ပြခန်း၌ ပတ္တမြားရိုင်း ပုံဆောင်ခဲ ဓာတ်ပုံပြသထားမှုပင် ဖြစ်သည်။ မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါကြွယ်ဝသည့် အပြင် တွင်းထွက်ရတနာ ပေါကြွယ်ဝမှုပင်ဖြစ်သည့် ပတ္တမြားပုံဆောင်ခဲနှင့် ပတ်သက်၍ သိရှိလိုသဖြင့် သတ္တုတွင်းပြခန်းမှ ဒေါ်သန်းသန်းဝင်း (ရုံးအုပ်၊ မြန်မာ့ပုလဲ) အားမေးမြန်းခွင့်ရခဲ့သည်။

၁၉၈၈-၈၉ ခုနှစ်မှ ၂၀၀၂-၂၀၀၃ ခုနှစ်အတွင်း ဆေးရုံဆေးခန်းများ တိုးတက်မှုကို ကျန်းမာရေးဝန်ကြီးဌာနပြခန်းမှ ကျန်းမာရေးပညာအရာရှိ ဦးကျော်မြင့် ရှင်းပြစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ဒေါ်သန်းသန်းဝင်းက "ပတ္တမြားရိုင်းပုံဆောင်ခဲကို မိုးကုတ်ရတနာမြေသဒ္ဒတ်ချိုင်ရပ်ကွက်မှာ တူးဖော်ရရှိတယ်။ မင်းကျော်ထင် ကျောက်မျက်ကုမ္ပဏီက ၂၀၀၃ ခုနှစ် စက်တင်ဘာ ၂၉ ရက်က တူးဖော်ရရှိခဲ့တယ်။အလေးချိန် ၃၇၅၀ ကရက်ရှိတယ်။ ပတ္တမြားပုံဆောင်ခဲ ခန့်မှန်းခြေအလေးချိန် ကရက် ၁၀၀၀ ရှိမယ်လို့ ခန့်မှန်းထားတယ်။ အရည်အသွေးကောင်းပြီး ထူးခြား၍ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ပြသရန် ကုမ္ပဏီကလှူဒါန်းထားပါတယ်"ဟု ပြောပြသည်။

ပြည်ထောင်စုနေ့ပြခန်းများမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ အရောက်လှမ်းမည့် ပြကွင်းပြကွက်များကို ပြသထားခြင်းဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ရွှေကျင်ဝိနည်းစာတော်ပြန်ပွဲနှင့် ရာကျော်ရာပြည့်ဆရာတော်များပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်ကြီး၌ ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၉ ရက်မှ ၁၂ ရက်အထိ ဆရာတော်ကြီးများပူဇော်ပွဲနှင့် ဝိနည်းစာတော်ပြန်ပွဲ ကျင်းပမည်ဖြစ်ရာ စာတော်ပြန်ပွဲတွင် သဲကုန်းဆရာတော် အရှင်ဉာဏိဿရ Ph.D (Litt)၊ ရွှေမြိုင်ဆရာတော်၊ တိပိဋကဓရ ယောဆရာတော်၊ တိပိဋကဓရ ရေစကြိုဆရာတော်၊ ပါဠိကာရီဆရာတော် ဘဒ္ဒန္တ အင်္ဂီရသတို့က တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များ စစ်ကိုင်းတိုင်း ကနီမြို့နယ်ရှိ အလောင်းတော်ကဿပရုပ်ပုံတော်အား ဖူးမြော်ကြည်ညိုစဉ်။ **(သတင်းစဉ်)**

✻ နိုင်ငံတော်မှ

ယင်းနောက် အလောင်းတော်ကဿပဂေါပကအဖွဲ့နာယက ကျောင်းဆောင်၌ အလောင်းတော်ကဿပဂေါပကအဖွဲ့နာယက ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင် ပုပ္ပားကျောင်းဆရာတော် ဘဒ္ဒန္တသုမနနှင့် နာယကအဖွဲ့ဝင် ဆရာတော်နှစ်ပါးအား ဖူးမြော်ကြည်ညို၍ ပရိက္ခရာရှစ်ပါး ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ဆက်လက်၍ နာယကအဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မုံရွာမြို့နယ် ခတက္ကန်တောင်ကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ခတက္ကန်တောင် ကျေးရွာရှိ မဟာဗောဓိတစ်ထောင်ကျောင်းတိုက်သို့ သွားရောက်ကြပြီး မဟာဗောဓိတစ်ထောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း မုံရွာမြို့နယ် ခတက္ကန်တောင်ကျေးရွာရှိ မဟာဗောဓိတစ်ထောင်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၄ ရက်က စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ချင်းတွင်းမြစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းကို စက်ယန္တရားကြီးများဖြင့် စတင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းဖော်ပြပြီး)
(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာလေဆိပ်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ဒုတိယဝန်ကြီးဦးမောင်အောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိ၍ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် e-Passport ဖြင့် ဝင်ရောက်/ထွက်ခွာသူများအား ခေတ်မီစက်ကိရိယာများဖြင့်စစ်ဆေးခြင်း၊ နိုင်ငံခြားသား ပြည်ပခရီးသည်များ ဝင်ရောက်/ထွက်ခွာရာတွင် လျင်မြန်စေရေးအတွက် ကောင်တာများတိုးချဲ့၍ ဝန်ထမ်း အင်အား ဖြည့်တင်း လက်တွေ့ဆောင်ရွက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စစ်ကိုင်းတိုင်း မုံရွာစက်မှုဇုန်ခန်းမ၌ စက်မှုလက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

❑ **လယ်ယာကဏ္ဍမှ**

တွေ့ဆုံပွဲသို့ စစ်ကိုင်းတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မုံရွာခရိုင်နှင့်မုံရွာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့မိမြို့ဖများ၊ သူနာပြုသင်တန်းသူများတက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သာအေးက စစ်ကိုင်းတိုင်း၏အကျယ်အဝန်း၊ လူဦးရေ၊ မြေယာအသုံးချနိုင်မှု၊ မြေရိုင်းဖော်ထုတ်စိုက်ပျိုးနိုင်မှု၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးနိုင်မှုနှင့်အထွက်နှုန်းများ၊ ဒေသဆန်နှင့်စားသုံးဆီဖူလုံပိုလျှံမှုရှိသည့် အခြေအနေများ၊ ပညာရေး၊ ကျန်းမာရေး၊

လွှဲခြင်းတို့ကို စက်ယန္တရားဖြင့်ပြုလုပ်သကဲ့သို့ စိုက်နည်းစနစ်များကိုလည်း ပြောင်းလဲကျင့်သုံးလာအောင်၊ အောက်ခြေလုပ်ငန်းခွင်အထိကွင်းဆင်းတိုက်တွန်းသွားရန်လိုကြောင်း။

ယခင်က ကောက်စိုက်ပြိုင်ပွဲများ ပြုလုပ်သကဲ့သို့ အတန်းလိုက်အစေ့ချစိုက်သည့်ပြိုင်ပွဲ၊ ကြဲစိုက်ပြိုင်ပွဲများပြုလုပ်သွားရန်လိုအပ်ကြောင်း၊အလားတူပင် ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်အသုံးပြုမှုအပေါ်စိုက်စရိတ်မည်မျှသက်သာသည်ဆိုသည့်ပြိုင်ပွဲများကိုလည်း တီထွင်ကြံဆ ပြုလုပ်သင့်ကြောင်း။

စစ်ကိုင်းတိုင်း၏ ရေမြေအခြေအနေအရ အတန်းလိုက်အစေ့ချခြင်း၊ ကြဲခြင်းနည်းလမ်းတို့ဖြင့် သီးနှံစိုက်ပျိုး၍ ပိုမိုအောင်မြင်နိုင်ကြောင်း၊ သို့မှသာ လယ်ယာကဏ္ဍကုန်ထုတ် လုပ်မှုပိုမိုတိုးတက်ဖြစ်ထွန်းလာမှာ ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာက ၁၉၉၂-၉၃ခုနှစ်က စတင်၍ ကာလတိုစီမံကိန်းများချမှတ်ပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ခဲ့သည့်

နိုင်ငံတော်၌ လက်ရှိအကောင်အထည်ဖော်နေသည့် ရေအားလျှပ်စစ်စီမံကိန်းများအနက် မဂ္ဂါဝပ်၂၈၀ရရှိမည့် ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်း၊ ၇၅ မဂ္ဂါဝပ် ရရှိမည့် မုန်းချောင်းရေအားလျှပ်စစ် စီမံကိန်းနှင့် မဂ္ဂါဝပ် ၁၂၀ ရရှိမည့် တီကျစ်ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းတို့မှာမကြာမီကာလအတွင်း ပြီးစီးမည့် စီမံကိန်းများ ဖြစ်ကြောင်း၊ ကျောက်ဆည်မြို့နယ်တွင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့်နမ့်ခမ်းမြို့နယ်တွင် ရွှေလီရေအားလျှပ်စစ်စီမံကိန်းတို့ကိုလည်း အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းရင်းသားလူမျိုးများအားလုံးဖွံ့ဖြိုးတိုးတက်ရေး ပြည်နယ်နှင့်တိုင်းများအားလုံးဖွံ့ဖြိုးတိုးတက်ရမည် ပြည်နယ်နှင့်တိုင်းများဖွံ့ဖြိုးတိုးတက်ရန်မှာခရိုင်၊မြို့နယ်နှင့်ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရန်လိုအပ်

လမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်နိုင်မှုများ၊ လျှပ်စစ်၊ သတ္တု၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများ၊ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးဆိုင်ရာများ၊ လူတစ်ဦးချင်းဝင်ငွေ တိုးတက်မှုများ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စောင့်ရှောက်ထိန်းသိမ်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းသည် နိုင်ငံတော်၏စီးပွားရေး တန်ဖိုးပမာဏ၌ အချိုးအစားအားဖြင့် ၉ ဒသမ ၄ ရာခိုင်နှုန်းခန့် ပါဝင်လျက်ရှိပြီး သဘာဝအရင်းအမြစ်များဖြစ်သည့် သစ်တော၊ သတ္တုနှင့် ရေအားလျှပ်စစ်ထုတ်ယူနိုင်သည့် ရေအရင်းအမြစ်များစွာရှိကြောင်း၊ မြေသယံဇာတလည်း ပေါကြွယ်ဝကြောင်း။

ထို့ကြောင့် နိုင်ငံတော်အတွက် စီးပွားရေးအရ အဓိကအရေးပါသော တိုင်းကြီးတစ်တိုင်းဖြစ်ကြောင်း၊ တိုင်းအတွင်းတည်ရှိနေသည့် သဘာဝ သယံဇာတအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေးကို ပိုမိုအထောက်အကူပြုနိုင်မှာဖြစ်ကြောင်း၊စည်းကမ်းပြည့်ဝသော ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းထူထောင်လျက်ရှိရာ၌ အခြေခံအားဖြင့် လိုအပ်သောရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပိုမိုခိုင်မာအောင် စောင့်ရှောက်ထိန်းသိမ်းကြရမှာ ဖြစ်ကြောင်း။

ထို့အပြင် ပြည်သူများအနေဖြင့် စားဝတ်နေရေးအတွက် ပူပန်သောက ဖြစ်မနေရဘဲ အေးအေးချမ်းချမ်းလုပ်ကိုင်နိုင်သည့် စီးပွားရေးအခြေအနေကောင်းများ ဖြစ်ပေါ်နေရန်လည်း လိုအပ်ကြောင်း။

စက်အင်အားကိုအသုံးချ

တစ်ချိန်တည်းမှာပင် အမှန်အမှား၊ အကောင်းအဆိုးတို့ကို ခွဲခြားသုံးသပ်နိုင်သည့် ပညာအခြေခံရှိရန်လည်းလိုအပ်ကြောင်း၊ ယင်းလိုအပ်ချက်များ ပြည့်စုံအောင်လုပ်ကိုင်ဆောင်ရွက်ရာ၌ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုမှာ အရေးကြီးပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးအခြေအနေ တိုးတက်ဖွံ့ဖြိုးအောင် လုပ်ကိုင်ဆောင်ရွက်ရာ၌ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလယ်ယာစနစ် ထူထောင်ရေးတို့ကို လုပ်ကိုင်ဖော်ဆောင်ရင်း စက်မှုနိုင်ငံဖြစ်အောင်ထူထောင်သွားရမှာဖြစ်ကြောင်း။

လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးထားသဖြင့် နှစ်သီး၊ သုံးသီးစသည်ဖြင့် သီးထပ်များစိုက်ပျိုးလာကြရာ စိုက်ပျိုးထုတ်လုပ်မှုစရိတ် ကျဆင်းရေး၊ မြန်မြန်စိုက်ပြီး မြန်မြန်ရိတ်သိမ်းနိုင်ရေးတို့အတွက် စက်အင်အားကို အသုံးချရမှာဖြစ်ကြောင်း။

သီးနှံစိုက်ပျိုးရာ၌ သမားရိုးကျစိုက်ပျိုးနေသည့်စနစ်များအစား အတန်းလိုက်အစေ့ချခြင်း၊ ကြဲ၍စိုက်ခြင်းတို့ကို စနစ်တကျကျင့်သုံးနိုင်ပါက စိုက်စရိတ်များစွာ သက်သာသွားနိုင်ကြောင်း၊ ထို့ကြောင့် ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြွေ

အခြေအနေများ၊ နိုင်ငံတော်၏စီးပွားရေးတွင် စစ်ကိုင်းတိုင်းက ပါဝင်နေသည့် အချိုးအစားများ၊ စစ်ကိုင်းတိုင်း ဆက်လက်တိုးတက်ဖွံ့ဖြိုးရေးအတွက် ပိုမိုအားထုတ်ဆောင်ရွက်သင့်သည့် ကဏ္ဍဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆောင်ရွက်ချက်များရှင်းလင်း

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က စစ်ကိုင်းတိုင်းသည်နိုင်ငံတော်၏ အဓိကသီးနှံ ၁၀မျိုးလုံး စိုက်ပျိုးဖြစ်ထွန်းသည့် တိုင်းဖြစ်ကြောင်း၊ အဓိကသီးနှံ ၁၀မျိုး ကိုဆက်လက်တိုးမြှင့်စိုက်ပျိုးသွားရန် ဖြစ်သကဲ့သို့ ငရုတ်၊အာလူး၊ကြက်သွန်စသည့် စားဖိုဆောင်သီးနှံများကိုလည်းစစ်ကိုင်းတိုင်းအနေဖြင့် အောင်အောင်မြင်မြင်စိုက်ပျိုးဖြစ်ထွန်းရန် ကြိုးပမ်းပေးစေလိုကြောင်း ပြောကြားပြီးနိုင်ငံတော်အပိုင်းက ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊ လယ်ယာသုံးစက်ကိရိယာများ တိုးမြှင့်အသုံးပြုနိုင်ရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က စစ်ကိုင်းတိုင်းဖွံ့ဖြိုးတိုးတက်ရေးတွင် ချင်းတွင်းမြစ်သည် အထောက်အကူပြုနေသည့် မြစ်ကြောင်းတစ်ခုဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကလည်း ချင်းတွင်းမြစ်ကို အခြေပြု၍ စစ်ကိုင်းတိုင်းဖွံ့ဖြိုးတိုးတက်ရေးကို ဖြည့်ဆည်းပေးနိုင်ရန်၊ နိုင်ငံတော်၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်ရေအားလျှပ်စစ် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ စားရေးအတွက် ပူပန်ကြောင့်ကြခြင်း မရှိရအောင် လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးထားပြီး ဖြစ်ကြောင်း။

နိုင်ငံတော် အတွက်ထပ်မံလိုအပ်သည်မှာ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားနှင့်စက်သုံးဆီတိုးမြှင့်ရရှိရေးအတွက် မိမိတို့၏ သဘာဝအရင်းအမြစ်များကို ကိုယ့်အားကိုယ်ကိုး၍ ကြိုးပမ်းထုတ်လုပ်နေသကဲ့သို့ ပြည်ပနိုင်ငံများနှင့်လည်းအကျိုးတူပူးပေါင်းထုတ်လုပ်လျက်ရှိကြောင်း။

စစ်ကိုင်းတိုင်းအတွင်းတွင် ရေအားလျှပ်စစ်ထုတ်ယူရရှိနိုင်မည့် စီမံကိန်းများ အများအပြားရှိကြောင်း၊ ယင်းစီမံကိန်းများအနက် မဂ္ဂါဝပ် ၆၀၀ ကျော်ထုတ်ယူရရှိမည့် မုံရွာခရိုင် ဘုတလင်မြို့နယ်ရှိ ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းနေရာကို မိမိသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး စီမံကိန်းလုပ်ငန်းများစတင်ဆောင်ရွက်ရန်မှာကြားခဲ့ပြီးလည်းဖြစ်ကြောင်း။

စစ်ကိုင်းတိုင်း ချင်းတွင်းမြစ်ဝှမ်းဖွံ့ဖြိုးရေး စီမံကိန်းအရဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းများအနက် ထမံသီရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀၀ ကျော် ထုတ်ယူနိုင်မည့် စီမံကိန်းကြီး ဖြစ်ကြောင်း၊ ယင်းစီမံကိန်းကိုလည်း အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည်များကိုညှိနှိုင်းစီမံလျက်ရှိကြောင်း။

ဖွံ့ဖြိုးစည်ပင်လာ

မိမိတို့အနေဖြင့် နိုင်ငံတော်ကိုအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိရာ၌ပြည်ထောင်စုကြီးတစ်ရပ်လုံး၊ ဒေသအားလုံး ကွက်လပ်မကျန် မျှမျှတတဖွံ့ဖြိုးတိုးတက်လာစေရန် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်၍ ပညာရေး၊ ကျန်းမာရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးစီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ခေတ်နောက်ကျ ကျန်ခဲ့ရသည့် နယ်စပ်ဒေသများအတွက်လည်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ယခုအခါ နယ်စပ်ဒေသမြို့များသည် ပြည်မရှိ မြို့ကြီးပြကြီးကဲ့သို့ပင် ဖွံ့ဖြိုးစည်ပင်လာလျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်လူဦးရေ၏ ၇၀ ရာခိုင် နှုန်းနေထိုင်သည့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်လာရေးအတွက်ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤကဲ့သို့ စီမံကိန်းကြီးသုံးမျိုးဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်း၏အနှစ်သာရမှာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးအတွက်ပင်ဖြစ်ကြောင်း။

စည်းလုံးညီညွတ်စွာဆောင်ရွက်

မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူမျိုးစု ၁၀၀ကျော်သည် ရှေးပဝေသဏီကတည်းကပင် ရေကြည်ရာမြက်နုရာ လှည့်လည်သွားလာပြီး နိုင်ငံတော်၏ နေရာဒေသအနှံ့ အတူတကွရောနှော၍ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိကြကြောင်း၊ စစ်ကိုင်းတိုင်းကိုကြည့်လျှင် လူဦးရေ၅၇သိန်းကျော်ရှိပြီး ဗမာ၊ ရှမ်း၊ ချင်း၊ နာဂ၊ ကဒူး၊ ကနန်း၊ လူရိုင်းစသည်ဖြင့် တိုင်းရင်းသားလူမျိုးစု ၅၀ ကျော်သည် တစည်းတလုံးတည်း အတူတကွ ရောနှောနေထိုင်လျက်ရှိကြရာ စစ်ကိုင်းတိုင်းသည် ပြည်ထောင်စုလေးသဖွယ် ဖြစ်တည်နေကြောင်း။

အလားတူပင် အခြားပြည်နယ်၊တိုင်းများ၌လည်း စစ်ကိုင်းတိုင်းကဲ့သို့ပင် ပြည်ထောင်စုလေးများသဖွယ် တိုင်းရင်းသားလူမျိုး ညီအစ်ကိုမောင်နှမများသည်အတူတကွချစ်ချစ်ခင်ခင်ရောနှောနေထိုင်လျက်ရှိကြကြောင်း၊ ထို့ကြောင့် ပြည်နယ်၊ တိုင်း၁၄ခုဖြင့် တည်ရှိသော မိမိတို့ ပြည်ထောင်စုနိုင်ငံတော်ကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ပြည်ထောင်စု စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ကိုအရင်းခံ၍စည်းလုံးညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း။

တိုင်းရင်းသားလူမျိုးများအားလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်၊ တိုင်းအားလုံး ဖွံ့ဖြိုးတိုးတက်ရမှာဖြစ်ကြောင်း၊ ပြည်နယ်၊တိုင်းများဖွံ့ဖြိုးတိုးတက်ရန်မှာ ခရိုင်၊ မြို့နယ်နှင့်ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း။

ထို့ကြောင့် တာဝန်ရှိသူအဆင့်ဆင့်သည် ကျေးလက်ဒေသအောက်ခြေရောက်အောင် ကွင်းဆင်း၍

စာမျက်နှာ ၁၀ ကော်လံ ၁

8-2 (4).p65 1 3/24/05, 11:53 PM



အမေရိကန်ပြည်ထောင်စု၏ ညှိုးနွမ်းမှေးမှိန်ခဲ့သောသိက္ခာ နဂိုအတိုင်းပြန်ရရန်နှစ်များစွာ ခက်ခက်ခဲခဲလုပ်ရမည်

ဝါရှင်တန် ဖေဖော်ဝါရီ ၆

အတိုင်းအတာပမာဏတစ်ခုထိ ပျက်စီးခဲ့ရသော အမေရိကန်ပြည်ထောင်စု၏ ညှိုးနွမ်းမှေးမှိန်ခဲ့သောသိက္ခာကို နဂိုတိုင်းပြန်ဖြစ်အောင် နှစ်ပေါင်းများစွာ ခက်ခက်ခဲခဲနှင့် စူးစိုက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း အဆင့်မြင့်အမေရိကန်အရာရှိတစ်ဦးက သတိပေးလိုက်သည်။

ဗုဒ္ဓဟူးနေ့တွင် အောက်လွှတ်တော်သီးသန့်အဖွဲ့ခွဲရှေ့မှောက်၌ အစစ်ခံရာတွင် နိုင်ငံခြားရေးဌာန၌ ပြည်သူ့သံတမန်ရေးရာ တာဝန်ကို မကြာသေးခင်ကယူခဲ့သူ မာဂရက်တူတွီလာက ထို့သို့သတိပေး ပြောကြားခဲ့ခြင်းဖြစ်သည်။

လွတ်လပ်သော ခုံသမာဓိအဖွဲ့က အောက်တိုဘာလထဲ၌ ထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင် အမေရိကန် သိက္ခာကျဆင်းခဲ့ကြောင်းကို အတိအလင်း ပြောဆိုခဲ့သည်ဟု နယူးယောက်တိုင်းမ်ဖော်ပြချက်အရ သိခဲ့ရသည်။ အမေရိကန်၏သနားကရုဏာသည် လျစ်လျူရှုခြင်း ခံခဲ့ရသည့်ပြင် ယင်း၏ဘက်ပေါင်းစုံချဉ်းကပ်မှုသည်မဟာဗျူဟာမြောက်သော လမ်းညွှန်ချက်လည်း ကင်းမဲ့ခဲ့သည်။

ယင်းအစီရင်ခံစာ၌ နိုင်ငံခြားရေးဌာနတွင် အာရေဗျစကားပြောတတ်သူများ မလုံလောက်မှုအပြင် ၁၉၉၁ ခုနှစ်၌ ပြည်သူ့သံတမန်အရာရှိ ၂၅၀၀ ရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ပြည်သူ့သံတမန်အရာရှိ ၁၂၀၀ အထိ ကျဆင်းသွားခြင်းတို့အပါအဝင် စနစ်ကျနသော ပြဿနာများကို ဖော်ပြထားသည်။

ထို့ပြင်အစီရင်ခံစာ၌ အမေရိကန်၏ ပုဂ္ဂလိကကဏ္ဍ၊ အထူးသဖြင့် လူထုဆက်သွယ်ရေးကုမ္ပဏီများ၏ ပိုမိုကြီးမားသော အခန်းကဏ္ဍကိုလည်း တိုက်တွန်းထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖေဖော်ဝါရီ ၆ ရက်က တီကရစ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အိမ်များအတွင်း စီးနင်းရှာဖွေမှုပြုလုပ်ပြီး သံသယရှိသော အီရတ်တစ်ဦးကို ဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့်အပေါင်းပါတို့၏ နောက်ဆုံးသေဆုံးမှုကိန်းဂဏန်းများ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၆

ဘဂ္ဂဒက်လေဆိပ်အနီး အမေရိကန်ထောက်ပံ့ရေး အခြေစိုက်စခန်းကို စိန်ပြောင်းကျည်လေးလုံးကြာသပတေးနေ့က ထိမှန်သဖြင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြား တစ်ဦးဒဏ်ရာရကြောင်း အမေရိကန်စစ်တပ် ပြောခွင့်ရှိသူက ပြောကြားခဲ့သည်။

အောက်ဖော်ပြပါကိန်းဂဏန်းများသည် အမေရိကန်နှင့် အပေါင်းပါတပ်များ၏ နောက်ဆုံးသေဆုံးမှုများနှင့် အညီ ကိုက်ညှိထားသော ကိန်းဂဏန်းများဖြစ်သည်။ အီရတ်တို့သေဆုံးမှုများမှာ တရားမဝင်ခန့်မှန်းချက်များဖြစ်သည်။

လက်သဲကွင်းအတွင်း ဖော်ပြထားသော ကိန်းဂဏန်းမှာ မေ ၁ ရက်နောက်ပိုင်း သေဆုံးသော ကိန်းဂဏန်းများဖြစ်သည်။

အမေရိကန် ၃၆၉ ဦး(၂၅၄)၊ ဗြိတိန် ၂၀ (၁၂) အခြားနိုင်ငံများ ၃၅ ဦး (၃၅)တို့သည် တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး တိုက်ပွဲ၌မဟုတ်ဘဲသေဆုံးမှုများမှာ အမေရိကန် ၁၆၀ (၁၃၇)၊ ဗြိတိန် ၃၇ (၁၂)၊ အခြားနိုင်ငံများ ခြောက်ဦး (ခြောက်)ဖြစ်သည်။

(အင်တာနက်)

အီရတ်၌လက်နက်များရှာမတွေ့ကြောင်း သမ္မတဘုရှ် ဝန်ခံ

ချားလ်စ်တွန် (တောင်ကာရိုလိုင်းနား) ဖေဖော်ဝါရီ ၆

အီရတ်၌ရှိသည်ဟု မိမိတို့က ထင်ထားခဲ့သော ပိတ်ပင်တားမြစ်ထားသည့် လက်နက်များ အမေရိကန်ပြည်ထောင်စုကရှာမတွေ့ခဲ့ကြောင်းကို အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က ကြာသပတေးနေ့၌ ဝန်ခံလိုက်သော်လည်း အီရတ်ကိုဆင်နွှဲသည့် စစ်ပွဲကို မှန်ကန်သော အရာတစ်ခုအဖြစ် သမ္မတဘုရှ်က ကာကွယ်ပြောဆိုခဲ့သည်။

မိမိတို့က အီရတ်၌ရှိသည်ဟု ထင်ထားသော လက်နက်အစုအပုံများကို ယခုထိရှာမတွေ့ခဲ့ကြောင်း တောင်ကာရိုလိုင်းနားရှိ ချားလ်စ်တွန်ဆိပ်ကမ်းမြို့၌ မိန့်ခွန်းပြောကြားရာတွင် ဘုရှ်က ပြတ်ပြတ်သားသားဝန်ခံ ပြောကြားသည်။ သမ္မတဘုရှ်သည် သူ၏မိန့်ခွန်းတွင် ရွေးကောက်ပွဲနှစ်၌ သူ၏ အီရတ်မူဝါဒနှင့် ပတ်သက်၍ နိုင်ငံရေးခုခံကာကွယ်မှုတစ်ရပ်ကို ချပြခဲ့ပြီး စစ်ပွဲဝေဖန်သူများကိုလည်း တိုက်ခိုက်ခဲ့သည်။ အကယ်၍ဝါရှင်တန်ရှိ နိုင်ငံရေး သမားအချို့သည် သူတို့၌ နည်းလမ်းရှိသည်ဆိုလျှင်ဆက်ဒမ်ဟူစိန်သည် အာဏာရှိမြဲ ဖြစ်မည်ဟု ဘုရှ်ကပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဖေဖော်ဝါရီ ၆ ရက်က မိုဆူးလ်မြို့တွင် စစ်ယာဉ်တစ်စီးနောက်၌ လုံခြုံရေးအတွက် စိုးရိမ်စွာ ကင်းလှည့်စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့သွားမည့် ကုလသမဂ္ဂ အကဲဖြတ်အဖွဲ့ အီရတ်၌ ၁၀ ရက်ခန့်သာနေထိုင်မည်ဟု ဥရောပသံတမန်ပြောဆို

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၆

ကျွမ်းကျင်အဖွဲ့အစည်းသည် အီရတ်၌ ၁၀ ရက်ခန့်နေထိုင်မည်ဟု ပြောဆိုသော်လည်း အဖွဲ့ဝင်ဦးရေမည်မျှပါရှိမည်ကိုမူ ဥရောပသံတမန်တစ်ဦးက ကြာသပတေးနေ့၌ ပြောဆိုခြင်းမပြုဘဲ ထားသည်။

သို့ရာတွင် ၎င်းက ကုလသမဂ္ဂအဖွဲ့ကို နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်၌ ရွေးကောက်ပွဲအထောက်အကူပေးဌာနအကြီးအကဲ ဥရုဂွေးနိုင်ငံမှ ကာရီနာပါရဲလ်လီက ဦးဆောင်မည်ဟု ပြောဆိုသည်။

မီးစိမ်းပြ

ပါရဲလ်လီသည် လွန်ခဲ့သည့်နှစ် ဩဂုတ်လ ၁၉ ရက်မတိုင်မီနွေရာသီက အီရတ်သို့ရောက်ရှိခဲ့သည်။ အီရတ်နိုင်ငံ၌ ဖြစ်ပေါ်ရန် အလားအလာရှိသော အကျပ်အတည်း၌ ကုလသမဂ္ဂ ကြားဝင်ဆောင်ရွက်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် မီးစိမ်းပြခဲ့သည်။

စဉ်းစားဖွယ်

ဗုဒ္ဓဟူးနေ့တွင် ကိုဖီအာနန်က ယာယီအစိုးရအဖွဲ့နှင့် ပတ်သက်၍ သဘောတူညီချက်ရရန် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် ဇူလိုင် ၁ ရက်ကို ပြန်စဉ်းစားရဖွယ်ရှိကြောင်း ပြောဆိုခဲ့သည်။

ပြောကြား

အမေရိကန် ပြည်ထောင်စုကမူ ဖြစ်ပွားနေသော တိုက်ခိုက်မှုများဆက်ဖြစ်နေလျှင် အချိန်စောပြီး ရွေးကောက်ပွဲများပြုခွင့်ပေးမည်မဟုတ်ကြောင်း ကြာသပတေးနေ့၌ ထပ်မံပြောကြားခဲ့သည်။

ထိုအတောအတွင်းမှာပင် အီရတ်မြောက်ပိုင်းအာဘီလ်မြို့၌ ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုနှစ်ခုသည် မိမိတို့ လုပ်ဆောင်ချက်ဖြစ်ကြောင်း မထင်ရှားသည့် အီရတ်အုပ်စုက ပြောဆိုခဲ့သည်။ တနင်္ဂနွေနေ့ကဖြစ်ပွားသည့် ဗုံးပေါက်ကွဲမှုတွင် ကြာသပတေးနေ့အထိ သေသူအရေအတွက်သည် ၁၀၉ ဦးထိရှိလာခဲ့ပြီး ၂၀၀ ကျော်ဒဏ်ရာရခဲ့သည်။

(အင်တာနက်)

အီရတ်စစ်ပွဲဆင်နွှဲမှု ဗြိတိသျှနိုင်ငံခြားရေးမူဝါဒ အမှားကြီးမှားဟု နိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ်ခ် စွပ်စွဲပြောဆို

လန်ဒန် ဖေဖော်ဝါရီ ၅

အီရတ်တွင်ဖြစ်ပွားသော စစ်ပွဲသည် ၁၉၅၆ခုနှစ်၌ အီဂျစ်နိုင်ငံ ဆူးအက်ဇ်တွင် အင်္ဂလိပ်-ပြင်သစ်စူးစမ်းလေ့လာမှုနောက်ပိုင်း ဗြိတိသျှနိုင်ငံခြားရေး မူဝါဒ၏ အကြီးမားဆုံးအမှားဖြစ်သည်ဟု ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ်ခ်က သတိပေးလိုက်သည်။

ဆူးအက်ဇ်နောက်ပိုင်း အီရတ်စစ်ပွဲသည် ဗြိတိသျှ၏ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒတွင် အကြီးမားဆုံးအမှားဖြစ်ကြောင်း သက်သေထူလျက်ရှိသည်ဟု ဗုဒ္ဓဟူးနေ့ထုတ် အင်ဒီပင်းဒင့်သတင်းစာ၌ ရော်ဘင်ကွတ်ခ်က ရေးသားခဲ့သည်။

အီရတ်စစ်ပွဲသည် အဖျက်စွမ်းအားကြီးမားသော လက်နက်တစ်ခုတည်းကိုသာ မဖျက်သိမ်းနိုင်ခဲ့သည့်ပြင် ဗြိတိသျှအကျိုးစီးပွားကို ခြိမ်းခြောက်သော အကြမ်းဖက်မှုကိုလည်း လျော့နည်းအောင် မလုပ်ဆောင်နိုင်ခဲ့ကြောင်း ရော်ဘင်ကွတ်ခ်က ပြောဆိုသည်။

ထို့ပြင် ရော်ဘင်ကွတ်ခ်က အမေရိကန်ဦးဆောင်သောစစ်ပွဲ၌ ဝန်ကြီးချုပ် တိုနီဘလဲပူးပေါင်းပါဝင်ခဲ့သည့် ရည်ရွယ်ချက် အကြောင်းရင်းကိုလည်း မေးခွန်းထုတ်ထားသည်။ အမှန်တကယ်မှာ တိုနီဘလဲသည် အီရတ်၏ အဖျက်စွမ်းအားကြီးမားသော လက်နက်နှင့် စပ်လျဉ်းသည့် အထောက်အထားတစ်စုံတစ်ရာမရှိသည့်အတွက်ကြောင့် ဗြိတိန်နိုင်ငံကို စစ်ပွဲထဲဆွဲ မသွင်းခဲ့ကြောင်း၊ ဘလဲအနေဖြင့် စစ်ပွဲ၌ ပါဝင်ပူးပေါင်းခဲ့ခြင်းမှာ သမ္မတဂျော့ဒဗလျူဘုရှ်ကို ၎င်းသည် အကောင်းဆုံး မိတ်ဆွေဖြစ်ကြောင်း သက်သေထူလို၍ဖြစ်ကြောင်း ရော်ဘင်ကွတ်ခ်က ပြောဆိုသည်။

(အင်တာနက်)

8-2 (5).p65 1 3/24/05, 11:53 PM

အမေရိကန်နှင့်အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၅ရက်အထိ အီရတ်စစ်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပြည်နယ်အလိုက်သေဆုံးမှု

၂၀၀၃ ခုနှစ် မတ်လ ၂၀ ရက်မှစ၍ အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်တပ်များက ကျူးကျော်တိုက်ခိုက်ခဲ့သည်မှာ ၁၀ လကျော် ကြာခဲ့ပြီဖြစ်သည်။ ကျူးကျော်သူ အမေရိကန်နှင့် အပေါင်းပါတို့အား အီရတ်ပြောက်ကျားတို့က နည်းလမ်းမျိုးစုံဖြင့် ရရာလက်နက်စွဲကိုင်ပြီး ခုခံတိုက်ခိုက်လျက်ရှိသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ပြည်နယ်အလိုက်သေဆုံးမှု ၅-၂-၂၀၀၄ရက်နေ့အထိ

ပြည်နယ်	အရေအတွက်
အယ်ဘားမား	၁၃
အာရီဇိုးနား	၁၃
အာကင်ဆပ်	၃
ကယ်လီဖိုးနီးယား	၅၅
ကော်လိုရာဒို	၈
ကွန်နက်တီကပ်	၅
ကိုလံဘီယာ	၂
ဒါလာဝဲ	၄
ဖလော်ရီဒါ	၁၆
ဂျော်ဂျီယာ	၁၅
ဟာဝိုင်ယီ	၂
အိုင်ဒါဟို	၅
အီလီနွိုက်စ်	၂၀
အင်ဒီယားနား	၁၆
အိုင်အိုဝါ	၁၀
ကင်းဆပ်	၅
ကင်တပ်ကီ	၄
လူဝီစီယားနား	၅
မိန်း	၃
မက်ဆာချူးဆက်	၉
မေရီလန်း	၅
မီချီဂန်	၂၀
မင်နီဆိုးတား	၃
မစ္စစ္စပီ	၁၀
မစ်ဆူရီ	၁၀
မွန်တားနား	၃
မြောက်ကာရိုလိုင်းနား	၁၄
မြောက်ဒါကိုတာ	၄
နယူးဟမ့်ရှိုင်းယား	၂
နယူးဂျာစီ	၁၁
နယူးမက္ကဆီကို	၂
နယူးယောက်	၂၂
နီဘရာစကာ	၇
နီဗားဒါး	၄
အိုဟိုင်းယိုး	၁၆
အိုကလာဟိုးမား	၈
အော်ရီဂွန်	၉
ပင်ဆယ်ဗေးနီးယား	၂၉
ရိုဒီကျွန်း	၄
တောင်ကာရိုလိုင်းနား	၁၃
တောင်ဒါကိုတာ	၅
တင်နက်ဆီ	၁၃
တက္ကဆက်	၄၁
ယူတား	၅
ဗာဂျီးနီးယား	၁၄
ဗားမောင့်	၆
အနောက်ဗာဂျီးနီးယား	၂
ဝါရှင်တန်	၈
ဝစ္စကွန်ဆင်	၁၀
ဝိုင်အိုမင်း	၅
အမေရိကန်ဆာမိုအာ	၃
ပွာတိုရီကို	၈
စုစုပေါင်း	**၅၂၉**

၂၀၀၃ ခုနှစ် စက်တင်ဘာ ၁၂ ရက်က အီရတ်နိုင်ငံ ရာမာဒီမြို့နှင့် ဘဂ္ဂဒက်အနောက်ဘက် မိုင် ၆၀ အကွာ ဆွန်နီတြိဂံဒေသ၌ အမေရိကန်တပ်ဖွဲ့ဝင်များက စီးနင်းတိုက်ခိုက်ရာတွင် အီရတ် ပြောက်ကျားများက ခုခံတိုက်ခိုက်သဖြင့် ရာမာဒီမြို့၌ အမေရိကန် တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရခဲ့သည့် နေရာပြ မြေပုံကို တွေ့ရစဉ်။ (ယင်းဆွန်နီတြိဂံ ဒေသသည် အမေရိကန်နှင့် အပေါင်းပါ တပ်များကို ယခုထိတိုင် ခုခံတိုက်ခိုက်မှု ပြင်းထန်နေဆဲဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် တပ်ဖွဲ့ဝင်များ ဒဏ်ရာရ

၂၀၀၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အမေရိကန် စစ်ယာဉ်တန်း တီကရစ်မြို့၌ တိုက်ခိုက်ခံရသဖြင့် ဒဏ်ရာရရှိသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို သယ်ယူနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ခုနှစ် ဇူလိုင် ၁၆ရက်က ဘဂ္ဂဒက်မြို့ အနောက်ဘက် အဝေးပြေးလမ်းမကြီးတစ်နေရာ၌ အီရတ်ပြောက်ကျားတို့က ပစ်ခတ်သဖြင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးနေသည်ကို တွေ့ရစဉ်။ (ယင်းတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာ ရရှိခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၆ ရက်က အီရတ်နိုင်ငံ မန်ဒါလီအရပ်၌ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး ပြောက်ကျားတို့၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားသည်ကိုတွေ့ရစဉ်။ (အီရတ်ပြောက်ကျားတို့၏ ခုခံတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှု နေ့စဉ်တိုးလာလျက်ရှိသည်။)

(ဓာတ်ပုံ-အင်တာနက်)

8-2 (6).p65 1 3/24/05, 11:53 PM

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် ရေဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
သီးနှံစုစုပေါင်းစိုက်ဧကသန်း	၄.၂	၇.၃
ရေလှောင်တမံစီမံကိန်း	–	၃
ဆည်တမံ	၄	၁၁
မြစ်ရေတင်	–	၂၂
လမ်းပန်းဆက်သွယ်ရေး		
ကတ္တရာလမ်း	၁၉၇	၄၃၂
ကျောက်ချောလမ်း	၁၈၀	၆၂၃
မြေသားလမ်း	၁၂၉	၂၅၇
တံတား(ပေ၁၈၀အထက်)	–	၃၉
တံတား(ပေ၁၈၀အောက်)	–	၇၀၉
ဆက်သွယ်ရေး		
စာတိုက်	၁၀၃	၁၃၃
ကြေးနန်းရုံး	၃၀	၃၇
တယ်လီဖုန်းအိတ်ချိန်း	၃၅	၆၀
တယ်လီဖုန်း	၈၀၅၀	၁၆၅၀၂
ရေဒီယိုတယ်လီဖုန်းစခန်း	–	၂
မိုက္ကရိုဝေ့ဗ်	၇	၁၇
ဂြိုဟ်တုဆက်သွယ်ရေးစခန်း	–	၁
ကျေးလက်အိတ်ချိန်း	–	၁၉
ဖက်(စ်)	–	၅၇
စက်မှုဇုန်	–	၁
လျှပ်စစ်ဓာတ်အား		
ဒီဇယ်လျှပ်စစ်	၁	၁၁

ရေဝတီတိုင်း ဝါးခယ်မမြို့နယ်တွင် တည်ရှိသည့် အရှည်ပေ ၁၉၀၀ရှိသော ဗေလီသံပေါင်ကြိုးတံတားအမျိုးအစား ရွှေလောင်းတံတားကို တွေ့ရစဉ်။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ

ရေဝတီတိုင်း ပုသိမ်မြို့၌ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ အသံနှင့် ရုပ်မြင်သံကြား ဦးစီးဌာနက တည်ဆောက်ထားသော ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသစ်ကို တွေ့ရစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)



ပုသိမ် စက်မှုဇုန်

ရေဝတီတိုင်း ပုသိမ်မြို့ ပုသိမ်စက်မှုဇုန် ရေမော်တော်ကား ထုတ်လုပ်ရေးအလုပ်ရုံမှ မော်တော်ယာဉ်နှင့် လယ်ယာသုံး စက်ကိရိယာ ပစ္စည်းများ ထုတ်လုပ်ပေးလျက်ရှိသည်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
ပြန်ကြားရေး		
ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ	၁	၃
ပြန်ဆက်ရုံး	–	၂၆
စာကြည့်တိုက်	–	၂၉
ပညာရေး		
တက္ကသိုလ်	–	၃
ကောလိပ်	၂	၉
အထက်တန်းကျောင်း	၇၉	၁၀၃
အလယ်တန်းကျောင်း	၁၇၀	၂၆၈
မူလတန်းကျောင်း	၅၂၀၀	၅၆၂၆
ကျန်းမာရေး		
ဆေးရုံ	၆	၂၆
တိုက်နယ်ဆေးရုံ	၁၁	၄၄
ကျေးလက်ကျန်းမာရေးဌာန	၄၈	၁၅၆
ကျေးလက်ကျန်းမာရေးဌာနခွဲ	–	၇၂
တိုင်းရင်းဆေးရုံ	–	၁
တိုင်းရင်းဆေးခန်း	၂	၇

ရေဝတီတိုင်း ပုသိမ်မြို့တွင် တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် ပုသိမ်အစိုးရနည်းပညာကောလိပ် သုံးထပ်အဆောက်အအုံသစ်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

8-2 (7).p65 1 3/24/05, 11:53 PM

နယ်စပ်ဒေသ မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ချက်များ

မောင်မောင်မြင့်ဆွေ

ယနေ့အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရန်၊ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားစေရန်၊ နိုင်ငံတော်အစိုးရက စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိသည့် အချိန်အခါကောင်းဖြစ်သည်။ တစ်ချိန်တည်းတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများက စည်းလုံးညီညွတ်မှု၏ ရလဒ်ကောင်းများကို ရရှိခံစားနေနိုင်ကြသည့် အချိန်လည်းဖြစ်ပေသည်။

ယနေ့ကာလတွင် တိုင်းရင်းသားအားလုံးသည် စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲရန်၊ အချုပ်အခြာအာဏာ အစဉ်ထာဝရတည်တံ့ခိုင်မြဲရန်နှင့် မိမိတို့ဒေသအစွမ်းကုန်ဖွံ့ဖြိုးတိုးတက်စေရန် တက်ညီလက်ညီ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြသည့်အတွက် တိုးတက်အောင်မြင်မှုများမြင့်မားလျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ လူသားတစ်ရပ်လုံး၏ အန္တရာယ်ဖြစ်သော မူးယစ်ဆေးဝါးသုံးစွဲမှု၊ စိုက်ပျိုးထုတ်လုပ်မှုများ ကင်းဝေးရန် စီမံကိန်းများချမှတ်ကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးမှုသည် နယ်ချဲ့ကိုလိုနီစနစ်၏အမွေဆိုးဖြစ်သည်။

၁၉၈၈ ခုနှစ် တပ်မတော်အစိုးရတာဝန်ယူပြီးနောက် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးကို အထူးဦးစားပေးကြိုးစားဆောင်ရွက်ခဲ့ရာတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၇ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ ထိုသို့ဝင်ရောက်ခဲ့သည့်အတွက် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းကာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ မဟာဗျူဟာနှစ်ရပ်ဖြစ်သည့် မူးယစ် ဆေးဝါး ပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝ ချုပ်ငြိမ်းပပျောက်ရေးဟူ၍ချမှတ်ပေးခဲ့သည်။ ယင်းမဟာဗျူဟာနှစ်ရပ်ကို အကောင်အထည်ဖော်ရန်အတွက်လည်း နည်းဗျူဟာ သုံးရပ်ချမှတ်ပေး ခဲ့သည်။

၎င်းတို့မှာ ဘိန်းထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးတို့ပင်ဖြစ်သည်။ ထို့ကြောင့် မူးယစ်ဆေးဝါးပပျောက်ရေး နိုင်ငံတော်နှင့်တိုင်းရင်းသားခေါင်းဆောင်များ လက်တွဲကြိုးပမ်းခဲ့ရာ ၁၉၉၇ ခုနှစ် ဧပြီလက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသကို ဘိန်းပပျောက်သည့် ဒေသအဖြစ် ကမ္ဘာကိုကြေညာနိုင်ခဲ့သည်။

ထို့ပြင် တိုင်းရင်းသားခေါင်းဆောင်များနှင့် နိုင်ငံတော်အစိုးရတို့ လက်တွဲပြီး ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လုံးဝပပျောက်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှစ၍ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို ရေးဆွဲပြီး အကောင်အထည်ဖော်လျက်ရှိသည်။ ယင်း ၁၅ နှစ်စီမံကိန်းလုပ်ငန်းစဉ်များမှာ မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုပူးပေါင်းပါဝင် လာအောင် စည်းရုံးဆောင်ရွက်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးတို့ပင်ဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အထူးဒေသ(၄) မိုင်းလားမြို့တွင် ဘိန်းပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကို ဖွင့်လှစ်နိုင်ခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်း...
တက်ရောက်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊...
အသိစိတ်ဓာတ်ရှိရှိဖြင့်အပ်နှံသော ဘိန်းမျိုးစေ့များကို တတိယအကြိမ်မီးရှို့ဖျက်ဆီးသည့်...

ထိုသို့ ကြိုးစားဆောင်ရွက်ခဲ့မှုကြောင့် မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ အခြေခံစာရင်း ကောက်ယူမှုမှတ်တမ်းများအရ ၁၉၉၇-၁၉၉၈ ဘိန်းစိုက်ရာသီတွင် ဘိန်းစိုက်ပျိုးဧက ၁၅၁၂၀၁ ဧကရှိခဲ့ရာမှ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ၆၂၆၁၉ ဧကအထိ လျော့နည်းကျဆင်းခဲ့သည်။ ဘိန်းခင်းဖျက်ဆီးမှုမှာ ၁၉၉၉-၂၀၀၀ ခုနှစ်တွင် ၁၀၉၈၈ဧက၊ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် ၂၆၁၁၄ ဧကနှင့် ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ၂၄၆၇၉ ဧက ဖျက်ဆီးနိုင်ခဲ့သည်။ နယ်ချဲ့ကိုလိုနီတို့၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုဆိုးမွေကို နိုင်ငံတော်နှင့် တိုင်းရင်းသားခေါင်းဆောင်များ၏ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် နယ်စပ်ဒေသများတွင် ဘိန်းစိုက်ပျိုး ထုတ်လုပ်မှု သိသာစွာကျဆင်းခဲ့သည်။ ဘိန်းကင်းစင်ပပျောက်သည့် ဒေသများ ပေါ်ထွက်လာခဲ့သည်။ ၎င်းတို့မှာ နိုင်ငံတကာမှ မည်သို့မျှ ငြင်းမရသည့် နိုင်ငံတော်နှင့်တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးပမ်းမှုရလဒ်များပင် ဖြစ်သည်။

ထို့ပြင် ကုလသမဂ္ဂမူးယစ်ဆေးဝါး နှင့်မှုခင်းဆိုင်ရာရုံး(UNODC)နှင့် ပူးပေါင်းပြီး တရားမဝင် ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်း ကောက်ယူရေးလုပ်ငန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည် နယ်(အရှေ့ပိုင်း)နယ်မြေဒေသရှိ မြို့နယ် ၅၀၌ ၂၀၀၃ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ကွင်းဆင်းကောက်ယူခဲ့ရာ မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၀၂ ခုနှစ်က ဘိန်းစိုက်ပျိုးမှု ဟက်တာ ၈၁၄၀၀ ရှိပြီး ၂၀၀၃ ခုနှစ်တွင် ဟက်တာ ၆၂၂၀၀ အထိကျဆင်းခဲ့ရာ ယခင်နှစ်ကထက် ဘိန်းစိုက်ပျိုးမှု ၂၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ယခုအခါ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်ပင်မစီမံကိန်းအပြင် ပန်းတိုင်သစ်စီမံကိန်းကိုလည်း ၂၀၀၂-၂၀၀၃ ခုနှစ်ကစပြီး ဆောင်ရွက်လျက်ရှိသည်။ အဆိုပါပန်းတိုင်သစ်စီမံကိန်းသည် ဥပဒေအရ၊ အုပ်ချုပ်ရေးအရ တားဆီးသည့်နည်းလမ်း၊ အစားထိုးသီးနှံမျိုးစေ့ ဖြန့်ဖြူးပေးသည့်နည်းလမ်း၊ ဘိန်းမျိုးစေ့များထိန်းချုပ်ခြင်းနည်းလမ်းဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဘိန်းစိုက်တောင်သူများကို ဘိန်းအစားထိုးသီးနှံ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးပေးမှု၊ မွေးမြူရေးနှင့် အခြားထောက်ပံ့ပေးမှုများ၊ ဆည်မြောင်းတာတမံများတည်ဆောက်ပေးခဲ့မှုကြောင့် ဘိန်းစိုက်တောင်သူများက ၂၀၀၂ ခုနှစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဘိန်းမျိုးစေ့ ၅၈၅၇၉ပြည်၊ ဘိန်းသီးခြောက် ၄၆၆၈၁ ပြည်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဘိန်းမျိုးစေ့ ၁၃၇၃ပြည်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဘိန်းမျိုးစေ့ ၅၆ ဒသမ ၃၇၅ ပြည်၊ ဘိန်းသီးခြောက် ဝဒသမ ၂၅ ပြည်၊ ကယားပြည်နယ်မှ ဘိန်းမျိုးစေ့ငါးပြည်၊ မန္တလေးတိုင်းမှ ဘိန်းမျိုးစေ့ ၂၀၁၃ ပြည်၊ စုစုပေါင်း ဘိန်းမျိုးစေ့ ၆၂၀၂၆ ဒသမ ၃၇၅ ပြည်နှင့် ဘိန်းသီးခြောက် ၄၆၆၈၁ ပြည်ကိုသက်ဆိုင်ရာမူးယစ်ဆေးဝါး တားဆီးရေးဌာနများသို့ အပ်နှံခဲ့ကြသည်။ ယင်းသို့ ဘိန်းမျိုးစေ့အရေအတွက်နှင့် ဘိန်းသီးခြောက်များကို သိမ်းဆည်းနိုင်ခဲ့သဖြင့် ဘိန်းစိုက်ပျိုး ဧက၇၃၆၇၉ကို တားဆီးနိုင်ခဲ့သည်။

ထို့အပြင်ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့ရာတွင် ပထမအကြိမ်အဖြစ် ၂၀၀၂ ခုနှစ် ဇွန်လ ၂ ရက်က လားရှိုးမြို့တွင် ဘိန်းသီးခြောက်ကီလို ၇၆၂၃၀၊ ဘိန်းမျိုးစေ့ ၈၂၈၈၃ ကီလို၊ ဘိန်းစိမ်း ၂၄၉ကီလို၊ ဘိန်းညို ၁၀၅ ကီလိုကို လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၀၂ခုနှစ် ဇွန် ၈ ရက်က လောက်ကိုင်မြို့တွင် ဘိန်းသီးခြောက် ၁၀၉၇ ကီလို၊ ဘိန်းမျိုးစေ့ ၁၃၁၆၈ကီလို၊ ဘိန်းစိမ်း ၉၄ ဒသမ

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့၌ ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၂၅ ရက်က ဖျက်ဆီးခဲ့သည့် သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများကို တွေ့ရစဉ်။

သ
ဆောင်ရွက်ချက်များ

မောင်မောင်မြင့်ဆွေ

ုးစားဆောင်ရွက်ခဲ့မှုကြောင့် မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုး တ်သက်၍ အခြေခံစာရင်း ကောက်ယူမှုမှတ်တမ်းများအရ ဘိန်းစိုက်ရာသီတွင် ဘိန်းစိုက်ပျိုးဧက ၁၅၁၂၀၁ ၀၀၁–၂၀၀၂ ခုနှစ်တွင် ၆၂၆၁၉ ဧကအထိ လျော့နည်း ။ ဘိန်းခင်းဖျက်ဆီးမှုမှာ ၁၉၉၉–၂၀၀၀ ခုနှစ်တွင် ၂၀၀၀–၂၀၀၁ ခုနှစ်တွင် ၂၆၁၁၄ ဧကနှင့် ၂၀၀၁–၂၀၀၂ ၆၇၉ ဧက ဖျက်ဆီးနိုင်ခဲ့သည်။ နယ်ချဲ့ကိုလိုနီတို့၏ ုတ်လုပ်မှုဆိုးမွေကို နိုင်ငံတော်နှင့် တိုင်းရင်းသား ား၏ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ာတွင် ဘိန်းစိုက်ပျိုး ထုတ်လုပ်မှု သိသာစွာကျဆင်းခဲ့သည်။ ပျောက်သည့် ဒေသများ ပေါ်ထွက်လာခဲ့သည်။ ၎င်းတို့မှာ မည်သို့မျှ ငြင်းမရသည့် နိုင်ငံတော်နှင့်တိုင်းရင်းသား ား၏ ကြိုးပမ်းမှုရလဒ်များပင် ဖြစ်သည်။

လသမဂ္ဂမူးယစ်ဆေးဝါး နှင့်မှုခင်းဆိုင်ရာရုံး(UNODC)နှင့် ာရားမဝင် ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်း ကောက်ယူ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)နယ်မြေဒေသရှိ မြို့နယ် ၅၀၌ ၂၀၀၃ ခုနှစ် မတ်လအထိ ကွင်းဆင်းကောက်ယူခဲ့ရာ မြန်မာ ၌င် ၂၀၀၂ ခုနှစ်က ဘိန်းစိုက်ပျိုးမှု ဟက်တာ ၈၁၄၀၀ ခုနှစ်တွင် ဟက်တာ ၆၂၂၀၀ အထိကျဆင်းခဲ့ရာ က် ဘိန်းစိုက်ပျိုးမှု ၂၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်ပင်မစီမံကိန်းအပြင် ံကိန်းကိုလည်း ၂၀၀၂–၂၀၀၃ ခုနှစ်ကစပြီး ဆောင်ရွက် အဆိုပါပန်းတိုင်သစ်စီမံကိန်းသည် ဥပဒေအရ ရှ တားဆီးသည့်နည်းလမ်း၊ အစားထိုးသီးနှံမျိုးစေ့ ဖြန့်ဖြူး လမ်း၊ ဘိန်းမျိုးစေ့များထိန်းချုပ်ခြင်းနည်းလမ်းဖြင့် စီစဉ် က်ရှိသည်။

တောင်သူများကို ဘိန်းအစားထိုးသီးနှံ မျိုးကောင်းမျိုးသန့် န့်ဖြူးပေးမှု၊ မွေးမြူရေးနှင့် အခြားထောက်ပံ့ပေးမှုများ၊ ာတမံများတည်ဆောက်ပေးခဲ့မှုကြောင့် ဘိန်းစိုက်တောင်သူ

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို

ဂုဏ်ပြုဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အထူးဒေသ(၄) မိုင်းလားမြို့တွင် ဘိန်းပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကို ဖွင့်လှစ်နိုင်ခဲ့သည်။

၇၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေး ၁၂၄ ဒသမ ၁၃ ကီလို၊ အက်ဒီဖရင်း ၁၀ကီလို အပါအဝင်ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ တတိယအကြိမ်အဖြစ် ၂၀၀၂ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် လားရှိုးမြို့၌ ဘိန်းသီးခြောက် ၅၇၅၇၃ ကီလို၊ ဘိန်းမျိုးစေ့ ၄၄၂၉ ကီလို၊ ဘိန်းဖြူ ၄၄ ဒသမ ၈၇ ကီလို၊ ဘိန်းစိမ်း ၃၈၃ ဒသမ ၁၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၇ ကီလို အက်ဖီဒရင်း ၁၁၅ကီလိုကို လည်းကောင်း၊ ၂၀၀၃ခုနှစ် ဇန်နဝါရီ ၂၅ ရက်က လားရှိုးတွင် ဘိန်းမျိုးစေ့ ၈၄၂ ဒသမ ၆၃ ကီလို၊ ဘိန်းဖြူ ၁၄၁ ဒသမ ၄၅ ကီလို၊ ဘိန်းညို ၁၀၀ ဒသမ ၈၅ ကီလို၊ ဘိန်းစိမ်း ၃၆၈ ဒသမ ၅၇ ကီလို၊ ဘိန်းရည် ၇၁ ဒသမ ၆၃ လီတာ၊ စိတ်ကြွရူးသွပ်ဆေး ၅၅၅ ဒသမ ၁၈ ကီလို၊ အက်ဖီဒရင်း ၂၀၄ ဒသမ ၉၀ ကီလို၊ ဆူဒို အက်ဖီဒရင်း ၃၂ ဒသမ ၆၂ ကီလို၊ ဓာတုဆေးရည် ၁၁၇၈၆ လီတာ၊ ဓာတုဆေးမှုန့် ၈၄၂ ဒသမ ၂၆ ကီလိုနှင့် ဆက်စပ်ပစ္စည်းများကို ဖျက်ဆီးနိုင်ခဲ့ရာ နိုင်ငံတော်နှင့် တိုင်းရင်းသား ခေါင်းဆောင်တို့၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုမှာ အခြား မည်သည့် နိုင်ငံနှင့်မျှမတူသည့် ထူးခြားသည့် လက်တွေ့ ဆောင်ရွက်မှု အောင်ပွဲများပင်ဖြစ်သည်။

အဆိုပါ ပန်းတိုင်သစ်စီမံကိန်းအတွက် နိုင်ငံတော်က ယမန်နှစ်က ငွေကျပ်သိန်းပေါင်း ၁၁၇၃သိန်းကျခံသုံးစွဲခဲ့ပြီး ယခု ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်သိန်း ၁၀၂၀ကိုဖြည့်စွက်ရန်ပုံငွေအဖြစ် လျာထားကြောင်းသိရသည်။

နယ်စပ်ဒေသ မူးယစ်ဆေးဝါးသုံးစွဲသူများကို ဆေးကုသရေးအဖွဲ့များက ကုသပေးလျက်ရှိရာ အထူးဒေသ(၂)မိုင်းဖျန်း၊ မိုင်းပေါက်ဒေသမှ မူးယစ်ဆေးစွဲ လူနာများကိုလည်း ဆေးဖြတ်ကုသ ပေးနိုင်ခဲ့သည်။

ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးအတွက် အစားထိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ပေးမှုကြောင့် ကွမ်ဟိန်းဒေသ၊ ဟိုမိန်းဒေသ၊ မိုင်းပျဉ်း၊ မိုင်းဆတ်၊ မိုင်းတုံဒေသနှင့် 'ဝ'ဒေသတို့တွင် မွေးမြူရေးလုပ်ငန်းများ အောင်မြင်လျက်ရှိသည်။

ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှုတွင်လည်း ယခု ၂၀၀၃–၂၀၀၄စိုက်ပျိုးရာသီတွင် ဘိန်းအစားထိုး မိုးသီးနှံ ၁၉၃၂၇ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ရာနှုန်းပြည့်စိုက်ပျိုးအောင်မြင်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ယမန်နှစ်က ပန်းတိုင်သစ်၏ ရေ့ပြေးစီမံကိန်းအရ ကြိုးစားဆောင်ရွက်ခဲ့မှုကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခုလုံးတွင် ဘိန်းစိုက်ပျိုးမှု ၅၀ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို အားရဖွယ် တွေ့မြင်ခဲ့ကြရသည်။

ထိုသို့နိုင်ငံတော်နှင့် တိုင်းရင်းသားခေါင်းဆောင်များ၏ လက်တွဲညီညီ ကြိုးစားအားထုတ်မှုများကြောင့် သမိုင်းနှင့်ချီ၍ တည်ရှိခဲ့သော ကိုလိုနီနယ်ချဲ့တို့၏ဆိုးမွေဖြစ်သည့် ဘိန်းစိုက်ပျိုးမှုများကို အောင်မြင်စွာ တားဆီးနိုင်ခဲ့သည်။ ထိုသို့ အောင်မြင်မှုရရှိခဲ့ခြင်းမှာ မြန်မာနိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုနှင့်အတူ တိုင်းရင်းသား ခေါင်းဆောင်များ၏ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့ကြောင့် နယ်စပ်ဒေသတစ်လွှား မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများ ထူးခြားစွာ အောင်မြင်လျက်ရှိသည်မှာ ကမ္ဘာက ငြင်းဆို၍မရနိုင်သော သာဓကများပင် ဖြစ်ပါသည်။ ။

နယ်စပ်ဒေသများ၌ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးနိုင်ခဲ့မှုအခြေအထားပြဇယား

ရက်စွဲ	နေရာ	ဘိန်းသီးခြောက် ကီလို	ဘိန်းမျိုးစေ့ ကီလို	ဘိန်းစိမ်း ကီလို	ဘိန်းဖြူ ကီလို
၂၀၀၂ ဇွန် ၂ ရက်	လားရှိုး	၇၆၂၃၀	၈၂၈၈၃	၂၄၉	–
၂၀၀၂ ဇွန် ၈ ရက်	လောက်ကိုင်	၁၀၉၇	၁၃၁၆၈	၉၄.၇၁	–
၂၀၀၂ အောက်တိုဘာ ၂၅ ရက်	လားရှိုး	၅၇၅၇၃	၄၄၂၉	၃၈၃.၁၈	၄၄.၈၇
၂၀၀၃ ဇန်နဝါရီ ၂၅ ရက်	လားရှိုး	–	၈၄၂.၆၃	၃၆၈.၅၇	၁၄၁.၄၅
စုစုပေါင်းကီလို		၁၃၄၉၀၀	၁၀၁၃၂၂.၆၃	၁၀၉၅.၄၆	၁၈၆.၃၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ဓာတုဗေဒပစ္စည်းများနှင့် ဘိန်းစိုက်တောင်သူများ အသိစိတ်ဓာတ်ရှိရှိဖြင့်အပ်နှံသော ဘိန်းမျိုးစေ့များကို တတိယအကြိမ်မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကျင်းပခဲ့သည်ကို တွေ့ရစဉ်။

ဘိန်းမျိုးစေ့နှင့်မူးယစ်ဆေးဝါးများ

၂၀၀၂ ခုနှစ် ဇွန် ၈ရက်က လောက်ကိုင်မြို့တွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ ကိုးကန့်ဒေသတိုင်းရင်းသား ခေါင်းဆောင် ဦးဖုန်ကြားရှင်နှင့် အဖွဲ့ဝင်များ မီးရှို့ဖျက်ဆီးမည့် ဘိန်းမျိုးစေ့နှင့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးခဲ့ကြစဉ်။

ပျားလိမ္မော် စိုက်ခင်း

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ဝန်းကျင်တွင် စိုက်ပျိုးထားသည့် ဘိန်းအစားထိုးသီးနှံ ပျားလိမ္မော် စိုက်ခင်းများ။

များက ၂၀၀၂ ခုနှစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဘိန်းမျိုးစေ့ ၅၈၅၇၉ပြည်၊ ဘိန်းသီးခြောက် ၄၆၆၈၁ ပြည်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဘိန်းမျိုးစေ့ ၁၃၇၃ပြည်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဘိန်းမျိုးစေ့ ၅၆ ဒသမ ၃၇၅ ပြည်၊ ဘိန်းသီးခြောက် ဝဒသမ ၂၅ ပြည်၊ ကယားပြည်နယ်မှ ဘိန်းမျိုးစေ့ငါးပြည်၊ မန္တလေးတိုင်းမှ ဘိန်းမျိုးစေ့ ၂၀၁၃ ပြည်၊ စုစုပေါင်း ဘိန်းမျိုးစေ့ ၆၂၀၂၆ ဒသမ ၃၇၅ ပြည်နှင့် ဘိန်းသီးခြောက် ၄၆၆၈၁ ပြည်ကိုသက်ဆိုင်ရာမူးယစ်ဆေးဝါး တားဆီးရေးဌာနများသို့ အပ်နှံခဲ့ကြသည်။ ယင်းသို့ ဘိန်းမျိုးစေ့အရေအတွက်နှင့် ဘိန်းသီးခြောက်များကို သိမ်းဆည်းနိုင်ခဲ့သဖြင့် ဘိန်းစိုက်ပျိုး ဧက၇၃၆၇၉ကို တားဆီးနိုင်ခဲ့သည်။

ထို့အပြင်ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့ရာတွင် ပထမအကြိမ်အဖြစ် ၂၀၀၂ ခုနှစ် ဇွန်လ ၂ ရက်က လားရှိုးမြို့တွင် ဘိန်းသီးခြောက်ကီလို ၇၆၂၃၀၊ ဘိန်းမျိုးစေ့ ၈၂၈၈၃ ကီလို၊ ဘိန်းစိမ်း ၂၄၉ကီလို၊ ဘိန်းညို ၁၀၅ ကီလိုကို လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၀၂ခုနှစ် ဇွန် ၈ ရက်က လောက်ကိုင်မြို့တွင် ဘိန်းသီးခြောက် ၁၀၉၇ ကီလို၊ ဘိန်းမျိုးစေ့ ၁၃၁၆၈ကီလို၊ ဘိန်းစိမ်း ၉၄ ဒသမ

ရှစ်ကြိမ်မြောက်သာသနာ့ဂုဏ်ဝေ စာပေရွေးချယ်မေးပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်၊ အမှတ် (၂)ရပ်ကွက် ဗဟိုလမ်းရှိ ချမ်းမြေ့ဂုဏ်ဝေ ပရိယတ္တိစာသင်တိုက်ကြီးတွင် ဘဒ္ဒန္တ ဝိနယာလင်္ကာရ (မဟာဂန္ထဝါစကပဏ္ဍိတ)အမှူးပြုသော နာယကဆရာတော်ကြီးများကြီးမှူး၍ ရှစ်ကြိမ်မြောက် သာသနာ့ဂုဏ်ဝေ စာပေရွေးချယ်မေးပွဲကြီးကို ငယ်–လတ်–ကြီး ဓမ္မာစရိယစာမေးပွဲ ကျင်းပကြောင်း သိရသည်။ **(ဝ၃၆)**

သားငါးပွံ့ဖြိုး ပြည်အကျိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမတွင် စစ်ကိုင်းတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုစေတနာထား ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ယင်းသို့ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ဖြင့် မိမိရောက်ရှိတာဝန်ကျရာ ဒေသများကို မိမိရပ်ရွာဒေသကဲ့သို့သဘောထား၍ ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်မှန်ကန်စွာ ချိန်ဆဆောင်ရွက်နိုင်ရေးအတွက် ဌာနအလိုက်၊ ဒေသအလိုက်စာရင်းဇယားမှန်ကန်ပြည့်စုံရေးကိုလည်း အလေးထားဆောင်ရွက်သွားရန်လိုကြောင်း။

ထို့ပြင်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်သွားနိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့်လုပ်ငန်းစဉ်ခုနစ်ရပ်ကိုလည်း ချမှတ်ထားပြီးဖြစ်ရာ ယင်းလုပ်ငန်းစဉ်အဆင့်ဆင့်အောင်မြင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် မုံရွာစက်မှုဇုန်သို့ရောက်ရှိကြပြီး စက်မှုဇုန်ခန်းမ၌ မုံရွာစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဝင်များ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် မုံရွာစက်မှုဇုန် တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေက ၁၉၉၂ ခုနှစ်ကစတင်၍ မုံရွာစက်မှုဇုန်ကို ထူထောင်ခဲ့မှု၊ စက်မှုလက်မှုလုပ်ငန်းရှင်များအား နေရာချထားပေးခဲ့မှု၊ စက်မှုဇုန်အတွင်းလမ်းကောင်းမွန်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့မှု၊ မော်တော်ယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်းများအထိအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့မှုနှင့် ထရပ်ကားနှင့် ဘတ်စကားထုတ်လုပ်သွားရန်စီစဉ်ဆောင်ရွက်နေမှုတို့ကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက မုံရွာစက်မှုဇုန် အရှိန်အဟုန်ဖြင့် တိုးတက်လာရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးနေမှုများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ လုပ်သားများလုပ်ငန်းကျွမ်းကျင်မှု တိုးတက်စေရေးအတွက် စက်မှုဇုန်တွင် ဘာသာရပ်အလိုက် သင်တန်းများ ဖွင့်လှစ်ပေးခဲ့မှုများ၊ အခြားစက်မှုဇုန်များနှင့် စက်ရုံအလုပ်ရုံများသို့ လေ့လာရေးသွားရောက်စေခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မုံရွာစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးမြတ်ဖော်က မုံရွာ စက်မှုဇုန်ရှိလုပ်ငန်းများနှင့် တိုးတက်အောင်မြင်မှုရရှိနေသည့် စက်မှုဇုန်၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖွံ့ဖြိုးတိုးတက်လျက်ရှိ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင် မိမိတို့ နိုင်ငံသည် လယ်ယာစိုက်ပျိုးရေး နိုင်ငံဖြစ်ရာ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် ကြိုးစားပြီးစက်မှုနိုင်ငံအဖြစ် တည်ဆောက်သွားကြရမှာဖြစ်ကြောင်း။

စက်မှုနိုင်ငံအဖြစ် တည်ဆောက်ရာတွင် နိုင်ငံတော်၊ပုဂ္ဂလိကနှင့်စက်မှုဇုန်သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ စက်မှုဇုန်များသည် နိုင်ငံတော်၏ပံ့ပိုးမှုကြောင့်လည်းကောင်း၊ လုပ်ငန်းရှင် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကြောင့်လည်းကောင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးမှုကုန်ကျစရိတ် ကျဆင်းရေး၊ စိုက်ပျိုးရေးလုပ်ငန်း မြန်ဆန် သွက်လက်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် ထွန်ယက်ခြင်း၊ ရိတ်သိမ်း၊ခြွေလှေ့ခြင်းလုပ်ငန်းများကို လူ့လုပ်အားအစားစက်ဖြင့်အစားထိုးဆောင်ရွက်နိုင်အောင် လယ်ယာသုံးစက်ပစ္စည်း ကိရိယာများကို စက်မှုဇုန်များက အရည်အသွေးမီမီ၊ လုံလုံလောက်လောက် တီထွင် ထုတ်လုပ်သွားရန်လိုကြောင်း။

စိုက်ပျိုးရာ၌မှုလူ့လုပ်အားအနည်းဆုံး အသုံးပြုရသော အတန်းလိုက်အစေ့ချစိုက်နည်း၊ ကြဲ၍ စိုက်နည်းတို့ကို အစားထိုး၍ ကျယ်ကျယ် ပြန့်ပြန့် ကျင့်သုံးစိုက်ပျိုးလုပ်ကိုင်နိုင်ရမှာဖြစ်ကြောင်း။

အားထုတ်ကြိုးပမ်း

စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်မှာလည်း လိုအပ်ချက်တစ်ရပ်ဖြစ်ရာ စက်မှုလက်မှုလုပ်ငန်းကျွမ်းကျင်တတ်မြောက်သူများ ပေါ်များလာအောင် အားထုတ်ကြိုးပမ်းသွားရမှာဖြစ်ကြောင်း။

ယခုအခါစက်မှုဇုန်များအနေဖြင့် တိုးတက်မှုအရှိန်စတင်ရနေချိန်၌ မလိုအပ်သောငွေကြေးဖြုန်းတီးမှုများကို သတိပြုရှောင်ရှားပြီး စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၌သာ ဦးစားပေးရင်းနှီးဆောင်ရွက်ရန် အရေးကြီးကြောင်း။

တိုင်းပြည်၌ ကြီးပွားအောင်မြင်နေသောလုပ်ငန်းရှင်အများအပြား လိုအပ်လျက်ရှိသဖြင့် လုပ်ငန်းများ တိုးတက်အောင်မြင်ရေးကို အလေးထားကြစေလိုကြောင်းဖြင့်မှာကြားပြီး စက်မှုလက်မှုလုပ်ငန်းရှင်များအားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စီစဉ်ပြသထားသည့် စက်မှုဇုန်ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြရာ ရှေးဦးစွာ အဆင့်မြင့် စပါးခြွေလှေ့စက်၊ ယာထွန်စက်၊ စပါးကြိတ်ခွဲစက်၊ သီးနှံမျိုးစုံခြွေလှေ့စက်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ချင်းတွင်းစတား မော်တော်ယာဉ်အမျိုးမျိုး၊ ၁၀ တန်ကုန်တင်ယာဉ်စမ်းသပ် တည်ဆောက်ထားမှု၊ ရေယာဉ်ပန်ကာများ၊ ဖြန်းစုပ်စက်များ၊ ရေပန့်များ၊ မြက်ရိတ်စက်များကိုကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် သစ်အချောထည် ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ချည်ထည်များ၊ စားသောက်ကုန်များ၊ တိုင်းရင်းဆေးများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အားပေးသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှ အပ မော်တော်ယာဉ်မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလအတွက်
(၈–၂–၂၀၀၄)ရက်နေ့
နှင့်
(၂၉–၂–၂၀၀၄)ရက်နေ့

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

လက်တွဲညီညီ ရှေ့သို့ချီ

(၁)

တောင်ပြာညိုတန်း၊နှင်းငွေ့ဆမ်း၍
ပန်းပေါင်းစုံညီ၊ စီရရီနှင့်
ဌာနီမောရှမ်း၊ သာစခန်းမှ
အေးချမ်းရိပ်မြုံ၊ မြို့ပင်လုံဝယ်
တို့ဂုဏ်တို့ကိုး၊ တို့မျိုးတို့ချစ်
တို့ခေတ်တို့ချီ၊ ပြည်သစ်တည်မည်
လက်တွဲညီညာ၊ စည်းလုံးကာဖြင့်
ဗမာနှင့်မွန်၊မွန်နှင့်ကရင်
ကရင်နှင့်ရှမ်း၊ ရှမ်းနှင့်ရခိုင်
ရခိုင်နှင့်ချင်း၊ ချင်းနှင့်ကယား
ကယားနှင့်ကချင်၊ချစ်စိတ်ဝင်လျက်
ပင်လုံစာချုပ်၊ သက်သေတည်။
ပြည်ထောင်စုစိတ်ဓာတ်၊အစွန့်ရှည်။

(၂)

နိုင်ငံတော်သစ်၊ တည်ဆောက်လှစ်ရန်
အုတ်မြစ်အမှန်၊အခြေခံကား
တောင်ယံပြည်မ၊ တို့ဒေသ၏
မြန်မာ့သွေးချင်း၊ ညီနောင်ရင်းတို့
ချစ်ခြင်းစုရုံး၊ လက်ယှက်ထုံး၍
ပြည်လုံးညီတူ၊ 'ပင်လုံမူ'ဖြင့်
ဘယ်သူခွဲခွဲ၊ တို့မကွဲသော်
အောင်ပွဲယူလှမ်း၊ အောင်စည်ရွှမ်း၍
အောင်ပန်းဝေဆာ၊ ဂုဏ်လင်းဖြာမည်
မြန်မာတစ်ခေတ်၊ တိုင်းရွှေပြည်။
ပြည်ထောင်စုစိတ်ဓာတ်၊ အရင်းတည်။
လက်တွဲညီညီ၊ ရှေ့သို့ချီ။ ။

ကျော်ခေါင်ဗလ

မြဝတီရုပ်မြင်သံကြား

၈–၂–၂၀၀၄
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"အမှောင်ငါးစင်း၊ အလင်းငါးချက်တရားတော်"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(မြန်မာမှုပညာ) (ခ)ပထမနှစ် (စာရင်းအင်းပညာ)
၅:၀၀ ၆။ အမေးကမ္ဘာတွေ့စရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တစ်ရေးချစ်ခွင့်"**(အပိုင်း–၅)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (အပိုင်း–၂၅)

ခနှတိုင်းရင်းသားရိုးရာဧည့်ခံပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ခနှတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲ ဖြစ်သော အခါးရည်ကြမ်းဝိုင်းကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ကမ္ဘာ့ဇသာသနာ့ဗိမာန်တွင်ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ခနှတိုင်းရင်းသားများတက်ရောက်ကြရန်နှိုးဆော်ထားကြောင်းနှင့်တက်ရောက်ကြသူများအား ခနှရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

လယ်ယာသုံးစက်ကိရိယာများ တွင်တွင်ကျယ်ကျယ်ထုတ်လုပ်သွားရန်လိုအပ် သမားရိုးကျလုပ်ကိုင်နေသည့်လယ်ယာလုပ်ငန်းမှစက်မှုလယ်ယာစနစ်သို့အသွင်ကူးပြောင်း နိုင်ငံတော်ကစက်မှုတိုးတက်ဖွံ့ဖြိုးလာစေရေးအတွက်ပိုမိုပံ့ပိုးအားပေးကူညီသွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် ပင်းတယမြို့ ဂဠုန်တောင်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ကုလုံဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြပြီး ဖေဖော်ဝါရီ ၆ ရက် ညနေ ၃ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည်အေးသာယာ စက်မှုဇုန်ခန်းမ၌ တောင်ကြီးဒေသ ဆိုင်ရာ စက်မှုလုပ်ငန်းကြီးကြပ်ရေး အဖွဲ့ အဖွဲ့ဝင်များ၊ စက်မှုဇုန်လုပ်ငန်း ရှင်များနှင့်တွေ့ဆုံမှာကြားသည်။

စက်မှုဇုန်လုပ်ငန်းများတင်ပြ

ရှေးဦးစွာ တောင်ကြီးစက်မှုဇုန် တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိက အေးသာယာ စက်မှုဇုန်၏ တည်နေရာ၊ စက်မှုဇုန်၏ အကျယ်အဝန်း၊ ဖော်ထုတ်ပြီးမြေ ကွက်၊ လုပ်ငန်းရှင်များအား မြေနေရာ ချထားပေးမှု၊ စက်မှုဇုန်ဖွံ့ဖြိုးရေး အတွက် လမ်းလုပ်ငန်း၊ လျှပ်စစ်မီး ရရှိရေးလုပ်ငန်း၊ ရေရရှိဆောင်ရွက် ထားမှု၊ စက်မှုဇုန်လုပ်ငန်းရှင်များက စားသောက်ကုန်လုပ်ငန်း၊ နေထိုင်ရေး လုပ်ငန်း၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ ကုန်ကြမ်းပစ္စည်းလုပ်ငန်း၊ အထွေထွေ စက်မှုလုပ်ငန်း ဆောင်ရွက်နေမှု၊ စက်မှုဇုန်မှ ရှမ်းစတားဂျစ်၊ နှစ်ခန်းတွဲ ယာဉ်၊ ဆလွန်း၊ တံခါးလေးပေါက်ဂျစ်၊ ကမ္ဘောဇ စူပါဂျစ်နှင့် ပစ်ကပ်များ ထုတ်လုပ်နေမှု၊ ၁၀တန်အထက်ယာဉ် ကြီးနှင့် လူ၄၀အထက်စီး ဘတ်စကား များ စမ်းသပ်ထုတ်လုပ်နေမှု၊ စက်မှု ဇုန်မှ လက်တွန်းထွန်စက်၊ စပါးခြွေ လှေ့စက်၊ သစ်ဆိမ့်သီးအဆီထုတ်စက်၊ စပါးရိတ်စက်စသည့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများ ထုတ်လုပ် နေမှု၊ ကားအပိုပစ္စည်းမျိုးစုံ၊ ဘိုးနပ် တိုင်၊ သံဆန်ခါလိပ်၊ အုတ်ဘလောက် စက်နှင့် ပြောင်းဖူးခြွေစက် ထုတ်လုပ် နေမှု၊ ကျေးလက်သုံး ရေအားလျှပ်စစ် စက် ထုတ်လုပ်မှု၊ နိုင်ငံတော်က အင်ဂျင်နှင့် ဆက်စပ်ပစ္စည်း ပံ့ပိုးပေးမှု၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနက စက် နှင့် အရန်ပစ္စည်းများ ရောင်းချပေးမှု၊ ဆက်သွယ်ရေးအတွက် ဆောင်ရွက် ပေးမှု၊ စက်မှုဇုန်မှ လုပ်ငန်းရှင်များ၏ လုပ်ငန်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်ရှမ်းပြည်နယ်မြေစာရင်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင့်ဆန်းက အေးသာယာစက်မှုဇုန် တွင် မြေကွက်များ တိုးချဲ့ဖော်ထုတ်ရန် လျာထားမှု အခြေအနေများကို မြေပုံကားချပ်နှင့် ရှင်းလင်းတင်ပြ သည်။

စက်မှုနိုင်ငံတော်ဖြစ်ရေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက် များကို ပြန်လည်ရှင်းလင်းဆွေးနွေး ပြီး အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် လယ်ယာ စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံ ဖြစ်သည်နှင့်အညီ လယ်ယာစီးပွား ကုန်ထုတ်လုပ်ငန်း တိုးတက်မြင့်မား ရေးကို အထောက်အကူဖြစ်စေမည့် လယ်ယာသုံး စက်ကိရိယာများ တွင်တွင်ကျယ်ကျယ် ထုတ်လုပ်သွား ရန်လိုအပ်ကြောင်း၊ သမားရိုးကျ လုပ်ကိုင်နေသည့် လယ်ယာလုပ်ငန်းမှ စက်မှုလယ်ယာစနစ်ကို အသွင်ကူး ပြောင်းရင်း တစ်ဖက်ကလည်း စက်မှု နိုင်ငံ ဖြစ်ပေါ်လာရေးကို တည်ဆောက် သွားကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် စက်မှုလယ်ယာနှင့် စက်မှုလုပ်ငန်းနှစ်ရပ်ကို ပေါင်းစပ် ပြီး တိုးတက်ဖြစ်ပေါ်လာအောင် တည်ထောင်သွားကြရန်လိုကြောင်း။ နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် စက်မှုဇုန်များ ထူထောင်ပေးပြီး အရည်အသွေး မြင့်မားလာစေရန် အားပေးကူညီ ပံ့ပိုးပေးလျက်ရှိကြောင်း။

အရည်အသွေးမြင့်မားရေးကြိုးပမ်း

ဤစက်မှုဇုန်အနေဖြင့် စားသောက် ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ နေထိုင် ရေးဆိုင်ရာပစ္စည်း၊ အထွေထွေစက်မှု လုပ်ငန်းသုံးပစ္စည်း၊စက္ကူစက်၊ သကြား စက် စသည့်ကုန်ထုတ်လုပ်ငန်းများ ထုတ်လုပ်နေသကဲ့သို့ နိုင်ငံတော်အကြီး အကဲ၏ လိုလားချက်ဖြစ်သည့် ကျေး လက်အသေးစားရေအားလျှပ်စစ်ထုတ် စက်ပစ္စည်းနှင့် လယ်ယာအထောက် အကူပြုစက်ပစ္စည်းများ တိုးတက် ထုတ်လုပ်ရေးနှင့် အရည်အသွေး မြင့်မားရေးကို ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း။

အရည်အတွက်ပါတိုးတက်

စက်မှုဇုန်များတွင် မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့်ပတ်သက်၍မိသားစုစီး ကားများထုတ်လုပ်ခြင်းကိုလည်း ပိုမို အရည်အသွေး ကောင်းမွန်အောင် တီထွင်ကြိုးပမ်းရင်း တစ်ဖက်ကလည်း နိုင်ငံတော်ကို အထောက်အပံ့ဖြစ်စေ မည့် ကုန်စည်ပို့ဆောင်မှုနှင့် ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အတွက် လိုအပ်နေသည့် Bus နှင့် Truck ကားများ ပိုမိုထုတ်လုပ်နိုင် ရေးကိုလည်း အလေးထားကြိုးပမ်း သွားကြရန်လိုကြောင်း၊ မော်တော် ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်းမှာ ယာဉ် အစိတ်အပိုင်းများကို သီးခြားစီ ထုတ်လုပ်ပြီး မော်တော်ယာဉ်အဖြစ် ပေါင်းစပ်တည်ဆောက်ရသည်ဖြစ်ရာ စက်ရုံတစ်ခုနှင့်တစ်ခု၊ စက်မှုဇုန် တစ်ခုနှင့်တစ်ခု ပေါင်းစည်းလုပ်ဆောင် ခြင်းဖြင့် လုပ်ငန်းများပိုမိုတွင်ကျယ် လာနိုင်ပြီး အရည်အသွေးရော၊ အရေ အတွက်ပါ တိုးတက်လာနိုင်မှာဖြစ် ကြောင်း။

ယခုအခါ လှိုင်သာယာစက်မှုဇုန် တွင် မော်တော်ယာဉ်ကိုယ်ထည်နှင့် ဖရိန်များကို ခေတ်မီပုံဖော်စက်များ အသုံးပြုထုတ်လုပ်ပေးနိုင်သည့်အဆင့် သို့ ရောက်ရှိနေပြီဖြစ်၍ မိမိတို့ လိုအပ် မည့် မော်တော်ယာဉ်ပုံစံများမှာယူပြီး မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း များ တွင်တွင်ကျယ်ကျယ်ထုတ်လုပ် နိုင်အောင် စက်မှုဇုန်တာဝန်ခံများကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွား ကြရန်လိုကြောင်း။

နည်းလမ်းရှာဖွေ

ထို့ပြင် စက်မှုကုန်ကြမ်းပစ္စည်းများ ကိုလည်း ပြည်ပမှမှာယူတင်သွင်း နေရသည်ကိုလျှော့ချပြီး ပြည်တွင်း မှာပင် ထုတ်လုပ်နိုင်ရေးအတွက် ကိုလည်း နည်းလမ်းရှာဖွေဆောင်ရွက် သွားကြရန် မှာကြားလိုကြောင်း။

ယနေ့ စက်မှုလုပ်ငန်းရှင်များ အနေဖြင့်မိမိတို့တွင်ရှိသည့် အင်အား ဖြင့် တီထွင်ကြိုးပမ်းနေမှုများကိုလည်း နိုင်ငံတော်က ချီးကျူးမှတ်တမ်းတင် ပါကြောင်း။

ပံ့ပိုးကူညီမည်

နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံ တော်၏ ခနအင်အားတောင့်တင်းခိုင်မာ လာသည်နှင့်အမျှ စက်မှုကဏ္ဍတိုးတက် ဖွံ့ဖြိုးလာစေရေးအတွက် ယခုထက်ပိုမို ပံ့ပိုးအားပေးကူညီသွားမည်ဖြစ်ကြောင်း။

စက်မှုဇုန်တာဝန်ခံများ၊ စက်မှု လုပ်ငန်းရှင်များအပိုင်းကလည်း စက်မှု ဇုန်များတစ်စတစ်စ တိုးတက်ဖြစ်ထွန်း ရေးအတွက် မပြတ်ညှိနှိုင်းပေါင်းစပ်ပြီး နည်းလမ်းရှာဖွေ ကြိုးပမ်းဆောင်ရွက် သွားကြရန်မှာကြားသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင် များသည် စက်မှုဇုန်ခန်းမ ပရဝဏ်၌ ခင်းကျင်းပြသထားသော အေးသာယာ စက်မှုဇုန်မှထုတ်လုပ်သည့် ဓာတ်မြေ ဩဇာများ၊ ပလတ်စတစ်ကုန်ချော ပစ္စည်းများ၊ အဆင့်မြင့်ပေါင်းပြီး သကြားများ၊ သစ်ဆိမ့်သီးအဆံထုတ် စက်၊ အခွံချွတ်စက်၊စပါးခြွေလှေ့စက်၊ လက်တွန်းထွန်စက်၊ စပါးရိတ်စက်၊ ပြောင်းဖူးခြွေစက်၊ဆီစက်အစိတ်အပိုင်း များနှင့် Royal Cherry Saloon၊ ရှမ်း Saloon၊ရှမ်းစတားဂျစ်၊ နှစ်ခန်း တွဲယာဉ်၊ တံခါးလေးပေါက်ဂျစ်၊ ကမ္ဘောဇစူပါဂျစ်နှင့်ပစ်ကပ်ယာဉ်တို့ကို ကြည့်ရှုကြသည်။

ရှင်းလင်းတင်ပြ

ထို့မှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင် များသည် အစိုးရနည်းပညာကောလိပ် (အေးသာယာ)တည်ဆောက်ရေးလုပ် ငန်းခွင်သို့ရောက်ရှိကြရာ ဒေါင်အုပ်စု

စာမျက်နှာ ၁၂ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တောင်ကြီးမြို့ ကျောက်တလုံးကြီး ရွှေဟောင်းသမိုင်းဝင် မွေတော်ကဏ္ဍုဘုရားရှိ ရုပ်စုံ စေတီတော်အထွတ်သို့ တက်ရောက်၍ စိန်ဖူးတော်ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၆ရက်က တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်ခန်းမ၌ အေးသာယာစက်မှုဇုန်မှ ထုတ်လုပ်သော လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

8-2 (11).p65 1 3/24/05, 11:53 PM



တောင်ကြီးမြို့ ကျောက်တလုံးကြီး ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားရှိ ရုပ်စုံစေတီတော်အား ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

ကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က အစိုးရနည်းပညာကောလိပ်(အေးသာယာ)တည်ဆောက်မည့်မြေနေရာအခြေအနေ၊တည်ဆောက်မည့်အဆောက်အအုံများအကွက်ချပုံစံ၊ အဆောက်အအုံတည်ဆောက်ရန်စီစဉ်ထားမှုတို့ကိုလုပ်ငန်းခွင်၌ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ဒေင်အုပ်စုကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က အစိုးရနည်းပညာကောလိပ် (အေးသာယာ) တည်ဆောက်ရေး စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ သုံးထပ်ပင်မဆောင်၏ဗိသုကာပုံစံနှင့်တည်ဆောက်ရန်စီစဉ်ဆောင်ရွက်ထားမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သုံးထပ်ပင်မဆောင်၏ဗိသုကာပုံစံကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များမှာကြားသည်။

စဝ်စံထွန်းဆေးရုံရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးသို့ရောက်ရှိကြရာဆေးရုံအုပ်ကြီး ဒေါက်တာအေးကြည်စိန်နှင့်အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာဆေးရုံခန်းမ၌ စဝ်စံထွန်းဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာအေးကြည်စိန်က စဝ်စံထွန်းဆေးရုံကြီး၏ နောက်ခံသမိုင်း၊ ဆေးရုံကြီး၏ တည်နေရာနှင့် အကျယ်အဝန်း၊ ဆေးရုံအဆောက်အအုံများ၏ အကွက်ချပုံစံ၊ အဆောက်အအုံများ ဖွဲ့စည်းထားမှု၊ ပြင်ပလူနာဦးရေ၊ ဆေးရုံတက် လူနာအရေအတွက်၊ အသေးစား/အကြီးစား ခွဲစိတ်ကုသမှု၊ အဖြစ်များသော ရောဂါများနှင့် ကုသမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တိုးချဲ့တည်ဆောက်

ထို့နောက်အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမြင့်က ဆေးရုံကြီး၏ နောက်ခံသမိုင်း၊ သားဖွားခြင်း၊ မီးယပ်ဆိုင်ရာရောဂါများနှင့် ကလေးသူငယ်တွင်ဖြစ်ပွားသော ရောဂါများ ကုသပေးမှု၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုသင်တန်းသူ၊သားဖွားသင်တန်းသူများအား သင်ကြားပေးမှု၊ လက်ရှိဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား၊ အဆောက်အအုံများ၏အကွက်ချပုံစံနှင့် အဆောက်အအုံများ၏ အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီးအား ခုတင်(၂၀၀)ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ပေးပြီး ဆေးရုံအဆောက်အအုံသစ် တိုးချဲ့တည်ဆောက်ရန် မှာကြားသည်။

မွမ်းမံထိန်းသိမ်း

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စဝ်စံထွန်းဆေးရုံကြီးရှိ သွားနှင့်ခံတွင်း အထူးကုဌာန၊ ရောဂါရှာဖွေရေးဌာန၊ ခွဲစိတ်ကုသဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံကြီး အတွင်း အပြင် သန့်ရှင်းသပ်ရပ်ရေးအတွက် လိုအပ်မှုများ မွမ်းမံထိန်းသိမ်းရေးမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တောင်ကြီးမြို့ အမျိုးသမီးနှင့်ကလေးအထူးကုဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမြင့်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အမျိုးသမီးနှင့် ကလေးအထူးကု ဆေးရုံကြီးကို ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ရေးနှင့် ဆေးရုံအဆောက်အအုံ တိုးချဲ့တည်ဆောက်နိုင်မည့်အခြေအနေကို ဆေးရုံပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုပြီး အဆောက်အအုံဆောက်လုပ်ရန်နေရာ ရွေးချယ်သတ်မှတ်စီစဉ်ဆောင်ရွက်ပေးသည်။

ပညာပေးပြခန်းစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကလေးလူနာဆောင်၊ ကျန်းမာရေး ပညာပေးပြခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ ပင်လုံရိပ်သာသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီး ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားသို့ ရောက်ရှိကြရာ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံတိုင်းရင်းသားများက ကြိုဆိုကြသည်။

ရွှေထီးတော်တင်လှူ

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောက်တလုံးကြီး ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားရှိ စေတီအမှတ်(အက်ဖ်-၄၄၈) ရုပ်စုံစေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါစေတီတော်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ရွှေထီးတော် တင်လှူပူဇော်သည်။

ပူဇော်ကြည်ညို

ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက သိမ်တောင်ဆရာတော် ဘဒ္ဒန္တ ဆန္ဒာမိက အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆)မှ ပအိုဝ်းတိုင်းရင်းသား ခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ မင်္ဂလာစည်တော်အဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက် ပူဇော်ကြည်ညိုကြသည်။

ရှေးဦးစွာ ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက သိမ်တောင် ဆရာတော် ဘဒ္ဒန္တ ဆန္ဒာမိကထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ အတွင်းရေးမှူး(၂)၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးတို့သည် ရုပ်စုံစေတီတော်အားရည်မှန်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံဆင့်နှင့် ရွှေကြာသင်္ကန်းတို့ ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သိမ်တောင်ဆရာတော် ဘဒ္ဒန္တ ဆန္ဒာမိကအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီးများ၊ တိုင်းရင်းသားခေါင်းဆောင်များက ဆရာတော် သံဃာတော်တို့အားလှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချအမျှဝေ

ယင်းနောက် နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သိမ်တောင်ဆရာတော် ဘဒ္ဒန္တ ဆန္ဒာမိက က အနုမောဒနာတရား ဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင် များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ရုပ်စုံစေတီတော် ရွှေထီးတော်တင်လှူပွဲအစီအစဉ်ကို ကျင်းပသည်။

ရှေးဦးစွာ သာသနာ့အလံကိုင်အဖွဲ့ ဦးဆောင်ကာ ဒေဝါဝင်း၊ ရာဇာဝင်းခင်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ အတွင်းရေးမှူး(၂)၏ ဇနီးဒေါ်ခင်ခင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့်အဖွဲ့ဝင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို မင်္ဂလာမဏ္ဍပ်မှပင့်ဆောင်ကြပြီး စေတီတော်အားလက်ယာရစ်လှည့်လည်အပူဇော်ခံသည်။

အထွတ်သို့ပင့်ဆောင်

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံဆင့်များကို ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြပြီး ဆက်လက်၍ ရုပ်စုံစေတီတော်တွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် ဥပါသကာများက စေတီတော်အား ရွှေထီးတော်ဘုံဆင့်များနှင့်ငှက်မြတ်နားတော်ကို တင်လှူပူဇော်ကြသည်။

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်ပြင်အထက်သို့တက်ရောက်ပြီး ရုပ်စုံစေတီတော်အားစိန်ဖူးတော်ကို ကိုယ်တိုင်တင်လှူပူဇော်သည်။ ယင်းနောက် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့်စိန်ဖူးတော်တို့ကို အမွှေးနံ့သာများဖြင့်ပက်ဖျန်း၍ ရောင်တော်ဖွင့်ပူဇော်ပြီး စေတီတော်အား ရွှေကြာသင်္ကန်း ကပ်လှူပူဇော်သည်။

ထို့နောက် ဥပါသကာ ဦးသိန်းညွန့်က အမျှပေးဝေသည်။

အနေကဇာတင်

ဆက်လက်၍ ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ရုပ်စုံစေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေမိုးငွေမိုး ရွာသွန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် အာသောကစေတီဆုတောင်းပြည့်ဘုရားအား သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၆ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပင်းတယမြို့ ကုံလုံပရိယတ္တိစာသင်တိုက် သာသနာ့ဗိမာန်တော်၌ ဘဝနတ်ထံပျံလွန်တော်မူခဲ့သည့် နိုင်ငံတော်သြဝါဒါစရိယ ရှမ်းပြည်နယ် ပင်းတယမြို့ ဂဠုန်တောင်ကျောင်းတိုက် ဦးစီးပဓာန နာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကုံလုံဆရာတော်ကြီး ဘဒ္ဒန္တ တေဇနိယ၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကန်တော့စဉ်။ (သတင်းစဉ်)

▼ *ကျောဖုံးမှ*

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်မြဝင်းနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ဒေသခံများကြိုဆို

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်လိုက်ပါလျက် ရှမ်းပြည်နယ် ပင်းတယမြို့နယ် ကုံလုံ ပရိယတ္တိစာသင်တိုက်သို့ရောက်ရှိကြရာ ဗထူးတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ဝင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများက ကြိုဆိုကြသည်။

ဖူးမြော်ကန်တော့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကုံလုံပရိယတ္တိစာသင်တိုက် ကုံလုံသာသနာ့ဗိမာန်တော်သို့ သွားရောက်ကြပြီး ၂၀၀၄ခုနှစ် ဇန်နဝါရီ ၃၀ရက် နံနက်ဝ၀နာရီ၁၅မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည့် နိုင်ငံတော်သြဝါဒါစရိယ ရှမ်းပြည်နယ် ပင်းတယမြို့ ဂဠုန်တောင်ကျောင်းတိုက် ဦးစီးပဓာနနာယက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ကုံလုံဆရာတော်ကြီး ဘဒ္ဒန္တတေဇနိယ၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကန်တော့ကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ မဟာဒီပဲရင်းတိုက် ကမ္ဘောဇထွင့်မြတ်ရတနာကျောင်းနာယကဆရာတော် ဘဒ္ဒန္တမေဓာဝီ အမှူးပြုသော ဆရာတော်ကြီးများအား ပူဇော်ကန်တော့ကြသည်။

ထို့နောက် ဆရာတော်ကြီးများက ကုံလုံဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော် အန္တိမဈာပနပူဇာသဘင်နှင့် ဂူဗိမာန်တော်သွင်း အခမ်းအနားကျင်းပရန် စီစဉ်ထားမှုများကို မြွက်ကြားတော်မူကြသည်။

ဆောင်ရွက်ချက်များလျှောက်ထား

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝမ်းမြောက်အနုမောဒနာသာဓုခေါ်ကြရန် ကုံလုံဆရာတော်ကြီး၏ သာသနာတော်အတွက် ဆောင်ရွက်ချက်များကို လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

အလှူငွေပေးအပ်

ဆက်လက်၍ ကုံလုံဆရာတော်ကြီး၏ အန္တိမဈာပနကျင်းပရေး အလှူငွေပေးအပ်ပွဲကို ကျင်းပရာ တပ်မတော်ထောက်လှမ်းရေးမိသားစုက ငွေကျပ် ၅၀၀၀၀၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကငွေကျပ် ၅၀၀၀၀၀၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၅၀၀၀၀၀၊ သာသနာရေးဝန်ကြီးဌာနက ငွေကျပ် ၅၀၀၀၀၀၊ သီရိသုဓမ္မသိင်္ဂီဒေါက်တာဒေါ်ခင်ခင်စိမ့်မိသားစုက ငွေကျပ် ၁၅၇၀၀၀၀၀၀၊ ဒေါ်ဖြူဖြူဝင်းမိသားစု(ချိုချိုဖြူ အထည်ဆိုင်) မန္တလေးမြို့က ငွေကျပ် ၁၀၅၀၀၀၀၀၊ ဦးစိုင်းမျိုးဝင်း ဥက္ကဋ္ဌ မြန်မာ့အားမာန်မော်တော်ကား တပ်ဆင်ထုတ်လုပ်ရေးလုပ်ငန်း ရွှေပြည်သာက ငွေကျပ် ၁၀၀၀၀၀၀၀၊ သီဟသုဓမ္မမဏိဇောတဓရ ဦးစံငြိမ်းနှင့် ဒေါ်သိန်းဝင်းမိသားစုက ငွေကျပ် ၆၀၀၀၀၀၀၊ ဦးမိုးထွန်း၊ ဒေါ်အေမီသက်မိသားစု မန္တလေးမြို့က ငွေကျပ် ၂၃၀၀၀၀၀၊ သမားတော်ကြီးဒေါက်တာဦးငြိမ်းဆွေ ဒေါက်တာဒေါ်မေကြည် မော်လမြိုင်မြို့က ငွေကျပ် ၂၀၀၀၀၀၀၊ မိုင်းရှူးမြို့နယ် ပြည်သူလူထုက ငွေကျပ် ၁၁၅၀၀၀၀၊ ရှမ်း/တောင်အထူးဒေသ (၆) ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ခမ်းထီနှင့် သီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်း မိသားစုက ငွေကျပ် ၁၀၀၀၀၀၀၊ နီလာရိုးမကုမ္ပဏီလီမိတက် ဦးအောင်ကိုဝင်းနှင့် သီဟသုဓမ္မသိင်္ဂီသီရိသုဓမ္မသိင်္ဂီဒေါ်နန်းသန်းထွေးမိသားစုက ငွေကျပ် ၁၀၀၀၀၀၀၊ ဇေင် ဆောက်လုပ်ရေးအုပ်စု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ မိသားစုက ငွေကျပ် ၁၀၀၀၀၀၀၊ ဒေါ်ရွှေရွှေမြင့်၊ ဒေါ်စန်းစန်းဝင်း အောင်ချမ်းမြ မိသားစု ထားဝယ်မြို့က ငွေကျပ် ၁၀၀၀၀၀၀၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များက ငွေကျပ် ၇၅၁၃၀၀၊ ဗထူးတပ်နယ်ကငွေကျပ် ၆၅၆၁၁၁၊ ငွေဆင်ကျောက်မျက်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုးမြင့်မိသားစုကငွေကျပ် ၅၀၀၀၀၀၊ ကိုးကန့်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ငွေကျပ် ၅၀၀၀၀၀၊ ရန်ကုန်ပညာရေးတက္ကသိုလ် ဓာတုဗေဒဌာန တွဲဖက်ပါမောက္ခဒေါ်မေကြည်ဝင်းအပါအဝင် အလှူရှင်များက ငွေ ၂၁၄၉၄၀၅၈၃ ကျပ်ကို ပေးအပ်လှူဒါန်းကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့က လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စံကျောင်းဗိမာန်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကုံလုံဆရာတော်ကြီး၏ ရုပ်ကလာပ်စံကျောင်းတော်ဗိမာန်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။
☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
☆ **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။**

ဝိပဿနာရှုပွားနည်းများပို့ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ဓမ္မရသရိပ်သာကမ္မဋ္ဌာန်းနည်းပြဆရာကြီးဦးသန်းရွှေ(ဒလ-အံ့ကြီး)က ဖေဖော်ဝါရီ ၉ရက်မှ ၁၅ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအထိ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ ၁၇ လမ်း၊ အောင်သာဝတီစာသင်တိုက်ကြီးအတွင်း ဓမ္မအာဟာရဆွမ်းစားကျောင်းတော်ကြီးတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ရက်မှ ၂၄ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီအထိမကွေးမြို့ မြို့လယ်ဆွမ်းလောင်းဓမ္မာရုံကြီးတွင်လည်းကောင်းဝိပဿနာရှုပွားနည်းများပို့ချမည်ဟုသိရသည်။ (က-ပ)



ရန်ကုန်တက္ကသိုလ် ရုက္ခဗေဒဌာနက ထုတ်ဝေဖြန့်ချိသည့် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ရုက္ခဗေဒဂျာနယ်မျက်နှာဖုံး။ (က-ပ)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် - ၈-၂-၂၀၀၄ မှ ၁၆-၂-၂၀၀၄

အချိန် - နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀)နာရီ

နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

ငါးလုပ်ငန်းနှင့် ပျားလုပ်ငန်းဦးစီးဌာနလုပ်ငန်းညှိနှိုင်း ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းအမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ပျားလုပ်ငန်းဦးစီးဌာနတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ရက် နံနက် ၉နာရီခွဲတွင် အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်း ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာမွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ ပုစွန်မွေးမြူရေး သုံးနှစ်စီမံကိန်းဆောင်ရွက်ရမည့် အခြေအနေများ၊ ရေချိုငါးတိုးတက်မွေးမြူ ထုတ်လုပ်ရမည့် အခြေအနေများကိုလည်းကောင်း၊ ပျားမွေးမြူရေးနှင့် ပျားထွက်ပစ္စည်းများတိုးတက်ထုတ်လုပ်သွားရမည့် အခြေအနေများကိုလည်းကောင်း အသေးစိတ်ဆွေးနွေးမှာကြားသည်။

ထို့နောက်ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်နှင့် တိုးမြှင့်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ငါးလုပ်ငန်း ဦးစီးဌာန ပြည်နယ်တိုင်း ဦးစီးဌာနမှူးများက ပြည်နယ်နှင့်တိုင်းအလိုက် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို အသီးသီးတင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ပျားလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေက ၂၀၀၃-၂၀၀၄ခုနှစ် စီမံကိန်းလျာထားချက် အကောင်အထည်ဖော်မှု အခြေအနေနှင့် ပျားမွေးမြူရေး ပျားထွက်လူသုံးကုန်ပစ္စည်း တိုးမြှင့်ထုတ်လုပ်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်သိန်းကတင်ပြချက်များအပေါ်သုံးသပ်ဆွေးနွေးပြီးဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိဂုံးချုပ်အမှာစကားပြောကြားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

"သတ္တမနှစ်အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုရက်သတ္တပတ်"

❖ တစ်သက်တာကျန်းမာဖို့၊ သန့်ရှင်းအိမ်သာသုံးကြစို့။

❖ ကျန်းမာခြင်းအစ၊ လက်သန့်ရှင်းရေးက။

၂၀၀၄-ခုနှစ် ဖေဖော်ဝါရီလ (၁၀)ရက် - (၁၆)ရက်

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ကြွခဲ့ပါ





ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှာ ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၅ ရက်အထိ

- ❑ တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုသရုပ်ပြပွဲ၊ ယဉ်ကျေးမှုပဒေသာကပွဲနှင့် တေးဂီတဖျော်ဖြေပွဲများရှိနေမယ်။
- ❑ ရခိုင်(လက်ညှစ်)မုန့်တီ၊ မွန်မုန့်ဟင်းခါးစသည့် ရိုးရာအစားအသောက်များ၊ ငါးပိငါးခြောက်၊ လက်ဖက်စို၊ လက်ဖက်ခြောက်စသည့် ဒေသထွက်ကုန်စစ်စစ်များရောင်းချမည့် ဈေးပွဲတော်ရှိနေမယ်။
- ❑ ဆိုင်ခန်းများဦးရာလူရမည်၊ ဖုန်း-၅၄၇၃၇၉၊ ၅၄၄၉၆၆ တို့သို့ ဆက်သွယ်ပါရန်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည်

- ✻ လေ့လာလိုသူများအတွက်...ယဉ်ကျေးမှုဘဏ်တိုက်ကြီးပမာ။
- ✻ အနုပညာရှင်များအတွက်...လှပဆန်းသစ်တဲ့ရိုက်ကွင်းကောင်းတွေရှိသောနေရာ။
- ✻ မိသားစုများအတွက်...စိတ်ချမ်းမြေ့စွာအပန်းဖြေအနားယူနိုင်သောနေရာ။
- ✻ ပျော်ပွဲစားထွက်လိုသူများအတွက်...အပန်းဖြေတဲများ၊ သဘာဝအရိပ်ကွင်းများရှိသောနေရာ။
- ◆ တိုင်းရင်းသားအားလုံးအတွက်...ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ မွေးဖွားပေးရာနှလုံးအိမ်

နေ့စဉ်ပိတ်ရက်မရှိ၊ နံနက် (၇) နာရီမှ ညနေ (၆) နာရီအထိ
ဝင်ကြေး-လူကြီး ကျပ်(၅၀)၊ ကလေး(၂၅)ကျပ်၊ နိုင်ငံခြားသား 3FEC မည်သူမဆို ဝင်ရောက်နိုင်ပါသည်
[အမှတ် ၃၂နှင့်အမှတ် ၄၉(အဝါ)ကားများ တိုက်ရိုက်ရောက်ပါသည်]

အင်အားပြင်းငလျင်လှုပ်

ရန်ကုန် ဖေဖော်ဝါရီ ၇

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၇ရက် မြန်မာစံတော်ချိန် ၉ နာရီ မိနစ် ၂၀ ၂၇ စက္ကန့်အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ အရှေ့တောင်ဘက် မိုင် ၃၀၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍အင်အား ရစ်ချ်တာစကေး ၇ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားရေးမှူး ဦးစီးဌာနမှ ထုတ်ပြန်သည်။

အိုင်တီပညာဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ ဦးဆောင်မှုဖြင့် IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက်မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ "Wireless Technology Awareness-wifi and rfid" Seminar ကို(အင်္ဂလိပ်ဘာသာဖြင့်)ဖေဖော်ဝါရီ ၁၀ရက်(အင်္ဂါနေ့)ညနေ၄နာရီမှ ၆နာရီအထိပြုလုပ်မည်ဖြစ်ရာ အဆိုပါဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း ဖုန်း- ၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

● ဘင်းမ်စတက်မှ

အသင်းက ခံစစ်ဦးစားပေးကာ ပိတ်ဆို့ကစားနေ၍ ဂိုးသွင်း နိုင်ခြင်းမရှိဘဲ ဂိုးမရှိသရေဖြစ်နေသည်။

မြန်မာလူငယ်အသင်းသည် ဒုတိယပိုင်းတွင် ဂိုးရရှိရေးအတွက် တက်ကုန်ရှက်စုံဖွင့်၍ ကစားရာ ဘင်္ဂလားဒေ့ရှ် လူငယ်အသင်း တောင့်မခံနိုင်တော့ဘဲ သုံးဂိုးဆက်တိုက်ပေးလိုက်ရခြင်းဖြစ်သည်။

မြန်မာလူငယ်အသင်းအတွက် ပထမဂိုးကို မိနစ် ၆၀ တွင် ကျော်ကျော်စိုးက လည်းကောင်း၊ ဒုတိယဂိုးကို ၆၆ မိနစ်တွင် ထွန်းမင်းဦးကလည်းကောင်း၊ တတိယဂိုးကို ၇၂မိနစ်တွင် ဇော်ထက်အောင်က လည်းကောင်း သွင်းယူသည်။

မြန်မာလူငယ်အသင်းမှ တိုက်စစ်မှူး ထွန်းမင်းဦးသည် ဘူတန်လူငယ်အသင်းနှင့် ပွဲစဉ်တွင် သုံးဂိုးသွင်းယူခဲ့ရာ စုစုပေါင်းလေးဂိုးသွင်းယူထားသည်။ ဘူတန်လူငယ်အသင်းကို နှစ်ဂိုးသွင်းခဲ့သည့် ကျော်ကျော်စိုးကလည်း ယခုဂိုးအပါအဝင် သုံးဂိုးရှိသွားပြီဖြစ်သည်။

ဒုတိယအကြိုဗိုလ်လုပွဲ

ဒုတိယအကြိုဗိုလ်လုပွဲစဉ်တွင် အိန္ဒိယလူငယ်အသင်းက ထိုင်းလူငယ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲ

ဖေဖော်ဝါရီ ၈ ရက်တွင် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ကျင်းပမည်ဖြစ်ရာ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် တတိယနေရာလုပွဲအဖြစ် ဘင်္ဂလားဒေ့ရှ် လူငယ်အသင်းနှင့် ထိုင်းလူငယ်အသင်း၊ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် နောက်ဆုံး ဗိုလ်လုပွဲအဖြစ် မြန်မာလူငယ်အသင်းနှင့် အိန္ဒိယလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၈-၂-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာစေဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၀	၇။	(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၁၀	၈။	အရေးပြိုင်ပွဲ
၈:၂၀	၉။	သဖန်းဆိပ်ဘက်စုံရေလှောင်တမံ
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Say it in English

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	စလင်းရေလှောင်တမံ
၁၁:၄၀	၄။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၅၅	၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၁၄)
၁၂:၂၅	၆။	Milo Success in Soccer
၁၂:၄၀	၇။	ရုပ်မြင်သံကြားဇာတ်လမ်း **"ရေမခြား မြေမခြား"** (နေဆန်း၊ ဖြိုးငွေစိုး၊ ပြေတီဦး၊ ပပဝင်းခင်၊ ပြည့်စုံသျှင်၊ အိအိ) (ဒါရိုက်တာ-ခင်ဇော်)
၁၄:၀၀	၈။	မြန်မာ့ရိုးရာခေါင်းပေါင်းလုပ်ငန်း
၁၄:၁၅	၉။	(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၄:၃၀	၁၀။	ဗိုလ်မြတ်ထွန်းတံတား
၁၄:၄၅	၁၁။	International News

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) [ရုက္ခဗေဒ]
၁၆:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၀	၅။	ကရင်ရိုးရာဝတ်စားဆင်ယင်မှု
၁၇:၀၅	၆။	(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၂၀	၇။	ကိုးကန့်ဒေသ မူးယစ်ဆေးဝါး ပပျောက်ရေးပြတိုက်
၁၇:၃၀	၈။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၃၀	၉။	ညနေခင်းသတင်း
၁၉:၀၀	၁၀။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၁။	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၁၉:၁၅	၁၂။	(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၃၀	၁၃။	ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန်ခိုင်မာရန်မှာ တို့ဝန်တာ **"ရခိုင်ပြည်နယ်"**
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	Calcio Serie A ဘောလုံးပွဲ ထုတ်လွှင့်မှုအစီအစဉ်

မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ FMI City၊ သဇင် (၅) လမ်း၊ D-35 နေ
ဗိုလ်မှူးစန်းလွင်(ငြိမ်း)-ဒေါ်မြမြနွဲ့ (Managing Director,Sky Jet Co.,Ltd.)
တို့၏သားကြီး
မောင်ဇော်မိုးလွင် B.Sc(Maths)
Managing Director,Sky Jet Multi Engineering Co.,Ltd.
နှင့်
အောင်ပန်းမြို့၊ မင်္ဂလာရပ်ကွက်၊ အမှတ် (၇၁) နေ
ဦးစိုးငြိမ်း-ဒေါ်နန်းမြတို့၏ တစ်ဦးတည်းသောသမီး
မပိုပိုခမ်း B.Sc(Maths)

တို့၏ ၇-၂-၂၀၀၄ ရက်နေ့တွင် Traders Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ အောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တရားသူကြီးချုပ်နှင့် ဇနီး၊ မြို့တော်ဝန်နှင့် ဇနီး၊ ၆-၂-၂၀၀၄ ရက် နံနက်ပိုင်း Traders Hotel တွင် စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဇနီး ဒေါ်အေးကြည်၊ မြန်မာထုံးတမ်းအစဉ်အလာနှင့်အညီ မင်္ဂလာသြဝါဒချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်မျိုးမြင့်အားလည်းကောင်း၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော ဒေါ်တင်တင်မြ၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးသော A-1 ဦးစိုးမြင့် အဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှပြုပြင်ပေးသော မိတ်ကပ်အောင်အောင်နှင့် မင်္ဂလာဝတ်စုံဖန်တီးပေးသော ဒေါ်လာမြင့်အောင်အားလည်းကောင်း၊ သတို့သားအရန် မောင်သုတနှင့် မောင်ဝေယံအောင်၊ သတို့သမီးအရန် မခင်သီတာမြင့်နှင့် မချိုသက်လှိုင်တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော ညီမလေး သင်းအိန္ဒာ၊ မင်္ဂလာစံပယ်ကုံး ကိုင်ဆောင်ပေးသော ညီလေးသွင်ထူးအောင်နှင့် ညီမလေး မခိုင်ခင်လွင်၊ မင်္ဂလာလက်စွပ် ကိုင်ဆောင်ပေးသော ညီလေး ညီခင်ထွန်းနှင့် ညီမလေး ခိုင်ဆုလွင်တို့အားလည်းကောင်း၊ မင်္ဂလာညစာစားပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သော ဆွေမျိုးသူငယ်ချင်းများ၊ Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

မောင်ဇော်မိုးလွင်နှင့် မပိုပိုခမ်း။

ကိုးမိုင်မဟာစည် သြဝါဒပါတိမောက် အခါတော်နေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ သြဝါဒပါတိမောက် အခါတော်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၈နာရီက မဟာစည်ဓမ္မာရုံကြီးတွင် ကျင်းပရာ ဥက္ကဋ္ဌဦးကျော်ထွန်းက နမောတဿသုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ထို့နောက် အတွင်းရေးမှူးဦးမောင်မောင်ကြည်က သြဝါဒပါတိမောက်အခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို လျှောက်ထားတင်ပြသည်။ သံဃာတော်များနှင့် ဟိတေသီအဖွဲ့ဝင် ယောဂီများက သြဝါဒပါတိမောက် ပါဠိတော်များ၊ အနက်အဓိပ္ပာယ်များ၊ ရှစ်လုံးဘွဲ့ ကဗျာများကို ညီညာဖြိုဖြိုရွတ်ဆိုပူဇော်ကြသည်။

သြဝါဒါစရိယဆရာတော် ဦးကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)အရှင်မြတ်က သြဝါဒပါတိမောက်တရားတော်ကို အကျယ်တဝင့် ဟောကြားတော်မူသည်။

အခမ်းအနားတွင် ရန်ကုန်မြို့ ကိုအောင်ဖြိုး - မရွှေစင်ထွန်းတို့က ယောဂီကုန်၊ သံဃာကုန် မင်္ဂလာဦးနေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။ ဒေါက်တာ တင်မြင့်ခိုင်က အလှူရှင်များကို ဖတ်ကြားပြီး ဂုဏ်ပြုလွှာချီးမြှင့်သည်။ ဆရာတော်ကြီးက အလှူရှင် အသီးသီး၏ ကုသိုလ်များကို ရေစက်ချအမျှအတန်းပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့တွင် အသုံးပြုရန်လိုအပ်သောစက်ပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများ ဝယ်ယူလိုပါသည်။

(က) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

Item	Description	Qty
(1)	Cylinder Assembly.V.00015000B Model:TASCAM DA-30 MK II	2 Nos
(2)	Record/Playback Head Model: TASCAM 122 MK II	2 Nos
(3)	Record/Playback Head 578301800 Model:TASCAM BR-20 N	2 Nos

(ခ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

Item	Description
(1)	Noritsu QSS-2901 Digital C/W . 135/240 Auto Film Carrier 120 Auto Film Carrier Digital ICE Software Card/Calendar Creation Software Multi Frame Print Creation Software Frame Print Creation Software Paper magazine (3.Boxes) QSS-2901. System intallation CD & Floppy Disk. Dark Bag (1.Pc) Extra Lamp(2.Pcs)

၂။ တင်ဒါပေးသွင်းမှုကို ၁၈-၂-၂၀၀၄ ရက်(၁၆:၃၀)နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့
ဖုန်း-၂၄၅၆၃၁၊၂၄၅၆၂၄၊ ၂၄၅၆၄၅။

ဖုန်းနံပါတ်ပြောင်းလဲ၍ဆက်သွယ်ပါရန်

... 7 Day New Journal ...
... Myanmar Times ... High Tech Concrete Technology Co.,Ltd ...
High Tech Concrete Technology Co.,Ltd
International Business Centre(IBC)
Room # 401, No.88,Pyay Road, 6½Miles,
Hlaing Tsp, Yangon. Phone No. 501011

ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း ကြို့ပင်ကောက်မြို့နယ် နှမ်းစပါးစိုက်ပျိုးသည့် တောင်သူဦးကြီးများနှင့်တွေ့ဆုံ

ပြည် ဖေဖော်ဝါရီ ၅

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းနှင့် အဖွဲ့ဝင်များ တိုင်းစိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းမှု ကော်မတီဝင်များ၊ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၃ရက်က ကြို့ပင်ကောက်မြို့နယ် သက်ရင်းကုန်းကျေးရွာအုပ်စု ငါးကြီးရိုးရွာသို့ရောက်ရှိပြီး ကျေးရွာအုပ်စု(၁၂) အုပ်စုမှ နှမ်းစပါးစိုက်ပျိုးသည့် တောင်သူဦးကြီးများနှင့် ညှိနှိုင်းဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းက ကြို့ပင်ကောက်မြို့နယ်တွင် ယခုနှစ် ဘော်ဘင်ဆည်ရေဖြင့် နွေစပါး ၈၅၀၀ ဧက စိုက်ပျိုးရန် စီမံကိန်းချထားကြောင်း၊ ဆည်ရေသောက်ဧရိယာတွင် ဒုတိယသီးထပ်အဖြစ် နွေစပါးစိုက်ပျိုးရေးကို လျာထားချက်ထက်ကျော်လွန်အောင် တောင်သူဦးကြီးများက ကြိုးပမ်းစိုက်ပျိုးရန် လိုအပ်ကြောင်း၊ ဆည်ရေသောက်ဧရိယာတွင် တောင်သူများ သီးနှံစိုက်ပျိုးရာတွင် နိုင်ငံတော်အကျိုးနှင့် တောင်သူများအကျိုးအမြဲကထား၍ မိုးစပါးတစ်သီးသာ စိုက်ပျိုးရာမှ ဆည်ရေရရှိမှုအပေါ် အခြေခံ၍ မိုးစပါးအပြီး၊ မတ်ပဲသို့မဟုတ် ကုလားပဲကို ဒုတိယသီးထပ်၊ နွေစပါးကို တတိယသီးထပ် သီးနှံပုံစံဖြင့် သုံးသီးရအောင် စီမံစိုက်ပျိုးရမည်ဖြစ်ကြောင်း၊ သုံးသီးစိုက်ပျိုးရေး အပြည့်အဝအောင်မြင်ရန် နွေစပါးအတွက် စုပေါင်းပျိုးထောင်ပြီး သုံးသီးအောင်မြင်စွာ စိုက်ပျိုးရေးဆောင်ရွက်ရန်လိုကြောင်း၊ နှစ်သီးစိုက်ပျိုးနိုင်သည့် ဧရိယာများတွင် မိုးစပါးပြီး ဒုတိယသီးထပ် နွေစပါးဖြင့် နှစ်သီးစိုက်ပျိုးရေးကို ဒေသဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် တောင်သူဦးကြီးများမှ စနစ်တကျ စီမံစိုက်ပျိုးရန်တို့ကို ဆွေးနွေးပြောကြားသွားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် တောင်သူဦးကြီးများက ယခုနှစ် နွေစပါးစိုက်ပျိုးရေးရာသီတွင် စီမံကိန်းလျာထားချက်ဧက ၈၅၀၀ မှ နွေစပါး ၉၀၀၀ ဧကအထိ တိုးမြှင့်စိုက်ပျိုးမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသွားသည်။ ယင်းနောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းနှင့်တာဝန်ရှိသူများက တောင်သူဦးကြီးများ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(၄၀၃)

ဇန်နဝါရီ ၂၅ ရက်က ဘိုးရတနာကုမ္ပဏီ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို မကွေးတိုင်း မင်းဘူးမြို့ ဘိုးရတနာ(ပင်မ)အဆောက်အအုံ၌ ကျင်းပရာ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်လှနှင့် ဝန်ထမ်းများက အငြိမ်းစား ဆရာကြီး ဆရာမကြီး ၄၂ ဦးအား တစ်ဦးလျှင်ငွေကျပ်တစ်သောင်း ငါးထောင်နှင့် အဝတ်အထည်၊ ဆေးဝါးပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြစဉ်။ (၃၈၃)

မုံရွာမြို့နယ်ဇွဲ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မုံရွာ ဖေဖော်ဝါရီ ၄

မုံရွာမြို့နယ် သာစည်ကျေးရွာ၌ 'ဇွဲ'ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက်က သာစည်ကျေးရွာ ဇွဲစာကြည့်တိုက်၌ ကျင်းပရာ မုံရွာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းလွင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးတင်သန်းဝင်းနှင့် ကျေးရွာပြည်သူလူထု ၁၂၀၀ကျော် တက်ရောက်ခဲ့ကြသည်။

ဇွဲ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အား မုံရွာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးတင်သန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

ကျေးဇူးတင်စကား

ဖွင့်ပွဲနေ့တွင် 'ဇွဲ'စာကြည့်တိုက်သို့ အလှူရှင် ၁၅ဦးက အလှူငွေများနှင့် စာအုပ်များ၊မှန်ဗီရိုများပေးအပ်လှူဒါန်းရာကျေးရွာဥက္ကဋ္ဌ ဦးခင်ဆောင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(ခရိုင်ပြန်/ဆက်)

အရှင်စန္ဒဇောတိ(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) သိက္ခာထပ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

တပ်ကုန်း ဖေဖော်ဝါရီ ၄

ကွယ်လွန်ကြပြီးဖြစ်သော ခမည်းတော် ဦးတင်အောင်–မယ်တော် ဒေါ်ခင်ကြည် မိဘနှစ်ပါးနှင့် အစ်ကိုကိုအောင်မြင့်တို့အား ရည်စူး၍ အရှင်စန္ဒဇောတိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) အာဂုံဆောင်ကျမ်းများကျမ်းပြုအရှင်မြတ်က တပ်ကုန်းမြို့နယ် အင်ပင်ရွာ၊ အင်ပင်တောင်ကျောင်း၌ (၁၃၆၅ခုနှစ် တပေါင်းလဆန်း ၈ရက်) ဖေဖော်ဝါရီ ၂၇ရက်တွင် သက်တော်ရှည် ဆရာတော်ကြီး ခုနစ်ပါးတို့အား သိက္ခာထပ်ပူဇော်ပွဲ သံဃာတော် ၅၅ ပါး၊ သာမဏေအပါး၅၀၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး ၁၀ပါးတို့အား လှူဒါန်းပူဇော်ပွဲနှင့် ဘိုးဘွား ၉၁ဦးတို့အား သက်ကြီးပူဇော်ပွဲများကို ကျင်းပမည်ဖြစ်သည်။ အကြိုတရားပွဲများအဖြစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် မန္တလေးမြို့ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် နိုင်ငံကျော် ဓမ္မကထိက ရွှေခြံ အရှင်ယာနိက(အစိုးရဓမ္မာစရိယ၊ ညာတောဝိဘင်္ဂရေ)ကလည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ရက်နှင့် ဖေဖော်ဝါရီ ၂၆ ရက်များတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် သာယာကုန်း ပရိယတ္တိစာသင်တိုက် နိုင်ငံကျော် ဓမ္မကထိက ဘဒ္ဒန္တ တေဇဝန္တ (ဂန္ထဝါစကပဏ္ဍိတ)ကလည်းကောင်း ညစဉ် ၇နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်၍ ဓမ္မမိတ်ဆွေများ အနေဖြင့် ဆရာတော်ဖုန်း ၀၉–၅၀–၁၀၅၀၆၊ ၀၁–၃၈၀၈၇၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ဖိတ်စာ မရရှိပါကလည်း ကြွရောက်ကြည်ညိုကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

မင်းလှမြို့၌ သန့်ရှင်းရေးဆောင်ရွက်

မင်းလှ ဖေဖော်ဝါရီ ၁

သတ္တမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အား ကြိုဆိုသောအနေဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့၊ (၇)ရပ်ကွက်မြို့အဝင်လမ်းမကြီး (ဗိုလ်ရုံတန်းလမ်း)၏လမ်းဆားဝဲယာတစ်လျှောက် သန့်ရှင်းသပ်ရပ် လှပစေရေးအတွက် ပေါင်းမြက်ချုံနွယ်များ ရှင်းလင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူပူးပေါင်းဆောင်ရွက်မှုအား မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသီဟထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်လင်းဦးတို့က လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိုးညှင်းအထိမ်းအမှတ်ရုပ်တုစိမ်းမြရတနာပန်းခြံ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်

မိုးညှင်း ဇန်နဝါရီ ၂၈

ကချင်ပြည်နယ် မိုးညှင်းမြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထိမ်းအမှတ်ရုပ်တုစိမ်းမြ ရတနာပန်းခြံ အတွင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ဦးစံလင်းနှင့်အဖွဲ့ဝင်များ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၂ဦးတို့သည် ဇန်နဝါရီ ၁၇ရက်က ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်ဖွင့်ပွဲ၊ ဓာတ်ပုံပြပွဲနှင့် ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၂ရက်က ရွာသစ်ကျေးရွာအုပ်စု မူလတန်းကျောင်း၌ ကျင်းပရာ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၂)ဦးလှဌေးဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်နှင့် ရွာသစ်ကျေးရွာမူလတန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နှောင်းတို့က ပြပွဲများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၃၀၆)

ထားဝယ်ခရိုင် ရေဖြူမြို့နယ်နှင့် ကလိန်အောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနတို့ ပူးပေါင်း၍ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဇန်နဝါရီ ၂၆ရက်က နှမ်းကဲ့ကျေးရွာအုပ်စုတွင် ကျင်းပရာ ကလိန်အောင်မြို့နယ် ဦးစီးဌာနမှူး ဦးစိုးသန်းက ပေးအပ်စဉ်။ (၁၈၇)

တစ်ချက်တည်းကျင်းဝင်

နတ်တလင်း ဇန်နဝါရီ ၃၀

နတ်တလင်းမြို့ တောင်ညို ဂေါက်ကွင်းတွင် ဇန်နဝါရီ ၂၃ရက်က ဦးမင်းကျော်ရသည် ကစားဖော်များဖြစ်ကြသော ဦးပေါက်၊ ဦးမောင်မောင်ကြည်၊ ဦးကျော်စိုး၊ ဦးထင်လင်းတို့နှင့်အတူ ဂေါက်သီးရိုက် ကစားစဉ် ၁၄၂ ကိုက် ကွာဝေးသော ကျင်းအမှတ် (၂)၌ Tour Special No. (2) ဘောလုံးအား Ping 13 No (9)တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၂၆ရက်က တောင်တွင်းကြီးမြို့ ရွှေအိုး (၁)ရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး တံတားလေးစင်းတည်ဆောက်ပြီးလျက်ရှိရာ ဦးမေဓာလမ်းပေါ်ရှိ အုတ်ရိုးခံသစ်သားတံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းအား အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်း၊ တာဝန်ခံအင်ဂျင်နီယာဦးအောင်ကြီးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လှိုင်မိုးတို့ စစ်ဆေးကြီးကြပ်ဆောင်ရွက်စဉ်။ (က–ပ)

ရေရှိရေးစနစ် ထိန်းသိမ်းစောင့်ရှောက်မှု သင်တန်းဖွင့်

ဖန်းမော် ဇန်နဝါရီ ၃၀

ရေရရှိရေးစနစ် ထိန်းသိမ်းစောင့်ရှောက်မှု သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်က ဖန်းမော်မြို့ အထက(၂) မြည်ီလာခန်းမတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းတွင် ရေရရှိရေး ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းများပါဝင်ပြီး စုစုပေါင်း ၅၀ဦးတက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ညှိနှိုင်းစည်းဝေး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကား ပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သစ်ခွစိုက်ပျိုးရေးခြံ ရှင်းလင်းဆောင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍အမှာစကားပြောကြားသည်။ (အောက်ပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် မိုးစပါး၊ နွေစပါး၊ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများကို ၁၂လရာသီ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် လေယာဉ်တက်၊ဆင်း လမ်းကြောင်းတစ်လျှောက် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် ဇုန်ငါးဇုန်သတ်မှတ်ပြီး နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများကို နေရာလပ်မကျန် စိုက်ပျိုးနိုင်ရန် နိုင်ငံတော်က ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးကြီးများ၊ ရေသွင်းမြောင်းမကြီးများနှင့်လက်သွယ်မြောင်းများ၊ ချောင်းပိတ် မြောင်းပိတ် လုပ်ငန်းများ၊လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ ထွန်ယက်နိုင်ရန် လယ်ထွန်စက်များ အပြင် ရေတင်စက်များ၊ ကုန်ထုတ်လမ်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်း၊ ဇုန်တာဝန်ခံများက သက်ဆိုင်ရာဇုန်များအလိုက် စိုက်ဧကတိုးတက်ရေးနှင့် သီးထပ်စွမ်းအား တိုးမြှင့်စိုက်ပျိုးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးကို ညှိနှိုင်းပြီး စနစ်တကျ ရေပေးသွင်းနိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့်ရှင်းလင်းပြောကြားသည်။

ကုန်ထုတ်လမ်း

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်းက အထူးဇုန်များအတွင်းရှိ ကုန်ထုတ်လမ်းများကောင်းမွန်စေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် လေယာဉ်တက်၊ဆင်း လမ်းကြောင်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေး ဇုန် ငါးဇုန်မှ တာဝန်ရှိသူများက သက်ဆိုင်ရာဇုန်များအလိုက် နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများ စိုက်ပျိုးပြီးစီးမှု၊ စိုက်ပျိုးရေ ရရှိရေးအတွက် ရေသွင်းရေနုတ်မြောင်းများ အခြေအနေ၊ ကုန်ထုတ်လမ်းများ အခြေအနေနှင့် ကွက်လပ်မကျန် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာ ဌာနများအလိုက် စိုက်ပျိုးနည်းစနစ်များ၊ စပါးတစ်မိုးနှစ်သီး စိုက်ပျိုးနိုင်ရေး စီမံထားရှိမှု၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရေးအတွက် ဆည်မြောင်းတာတမံများအခြေအနေ၊ ရေထိန်းတံခါးကြီးများနှင့် ချောင်းပိတ်မြောင်းပိတ်လုပ်ငန်းများအခြေအနေ၊ ရေခေါ်မြောင်းများ၊ ရေသွင်းမြောင်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ စိုက်ပျိုးနိုင်ရေး ထွန်ယက်နိုင်ရန်နှင့် ရိတ်သိမ်းခြွေလှေ့နိုင်ရန် စက်ယန္တရားများ ဖြည့်ဆည်းပေးမည့် အခြေအနေများ၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စိမ်းလန်းစိုပြည်ရေး

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရန် ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် မိုးယွန်းကြီးအင်းမှ ရေချပေးနိုင်ရေး ဆောင်ရွက်နေသည့်လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်မောင်က မြစ်ရေတင်လုပ်ငန်း အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ညှိနှိုင်းဖြည့်ဆည်းပေးပြီး လိုအပ်သည်များကို မှာကြား၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် လှည်းကူးမြို့နယ်အတွင်း မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာနှင့် လှည်းကူးမြို့နယ် ငွေနံ့သာစံပြကျေးရွာ ဆက်သွယ်သည့် လမ်းဘေး၌ လက်သွယ်မြောင်းများမှ နွေစပါးခင်းများသို့ စိုက်ပျိုးရေပေးသွင်းနေမှုအခြေအနေများကိုလည်းကောင်း၊ ဘားလားဖြတ်မြောင်းအခြေအနေများကိုလည်းကောင်း၊ လှည်းကူးမြို့နယ် ရေတလဘောင်ဒေသ၌ ဧရာဝတီရေတပ်စခန်းဌာနချုပ်၏ ငါးမွေးမြူရေးကန်များ အခြေအနေများနှင့် နွေစပါးစိုက်ခင်းအခြေအနေများကို လည်းကောင်း၊ ဘားလားဖြတ်မြောင်းဘေး၊ ရေတလဘောင်ကျေးရွာမှ လယ်သမားကြီးဦးဖေလှိုင်၏ နွေစပါးခင်းများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကြရာ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှည်းကူးမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဒေသခံ တောင်သူလယ်သမားကြီးများ သီးထပ်စွမ်းအား တိုးမြှင့်စိုက်ပျိုးနိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းဖြည့်ဆည်းပေးကြရန် မှာကြားသည်။

အောင်ရေအပြည့်အဝ

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် လှည်းကူးမြို့နယ်အတွင်း ရန်ကုန်-ပဲခူးခြောက်လမ်းသွား လမ်းမကြီးနှင့် မြို့ပတ်လမ်းမကြီးတို့ကို ဆက်သွယ်သည့် ဘားလားဖြတ်မြောင်းမကြီးဘေးရှိ လမ်းဘေးဝဲ/ယာ၌ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များက နွေစပါးစိုက်ပျိုးဖြစ်ထွန်းနေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးရာ ဗိုလ်မှူးကြီး မြတ်သူက လိုက်လံရှင်းလင်းပြသသည်။ ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက နွေစပါးခင်းများ အောင်ရေအပြည့်အဝရရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ရန်ကုန်-ပဲခူးခြောက်လမ်း လမ်းမကြီးအနီး၌ ဘားလားဖြတ်မြောင်းကို မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်များသို့ နွေစပါးစိုက်ခင်းများ စိုက်ပျိုးရေခွဲပေးနိုင်ရေး၊ ဘားလားမြောင်း မြောင်းမကြီးပိတ်၍ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်အတွင်း အမှတ်(၁)လမ်းမကြီးနှင့် အမှတ်(၃) လမ်းမကြီးတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် မြို့ပတ်လမ်းမကြီးအား ကတ္တရာလမ်းခင်းပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးညွန့်မောင်စန်းက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက မြို့ပတ်လမ်းမကြီး ကတ္တရာလမ်းခင်းနေမှုလုပ်ငန်းများ စံချိန်စံညွှန်းမီဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီးဘေး ခမ်းကြီးဝကွင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များက နွေစပါးစိုက်ပျိုးရန် လျာထားသော ၃၉၅ဧက သတ်မှတ်ထားရာမှ နွေစပါး ၄၄၃ဒသမ၂ဧက စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား နွေစပါး ပန်တိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ဇန်နဝါရီ ၂၇ရက်က ရန်ကင်းမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် အဋ္ဌမတန်းကျောင်းသူ မမာလာချိုအား ကျောင်းအုပ်ဆရာကြီး ဦးထိန်ဝင်းက ဆုချီးမြှင့်စဉ်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ် အမှတ်(၂၃)အခြေခံပညာမူလတန်းကျောင်း ၂၀၀၃-၂၀၀၄ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပရာ လေးနှစ်ဆက်တိုက် ပထမဆုရရှိသူ စတုတ္ထတန်းမှမောင်ထက်အောင်ရှိန်းအား မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းနွယ်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။(က-ပ)

အိပ်မက်ပန်းချီပြပွဲခင်းကျင်းပြသ

ရန်ကုန် ဖေဖော်ဝါရီ ၇

ပန်းချီဆရာ ဦးတင်အေး(မန္တလေး)နှင့် ဦးမြင့်အောင်တို့၏ 'အိပ်မက်' အမည်ရှိပန်းချီပြပွဲကို ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်းရှိ လောကနတ်အလှပညာခန်းမ၌ ဖေဖော်ဝါရီ ၅ ရက်မှ ၁၁ ရက်နေ့အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသလျက်ရှိသည်။ ပြပွဲတွင် ဆီဆေး၊ ရေဆေး၊ အခရိုင်လစ်တို့ဖြင့် ရေးဆွဲထားသော ပန်းချီကား ၇၆ ကားနှင့် ပန်းပုရုပ် ၁၀ ရုပ်တို့ကို ခင်းကျင်းပြသထားပြီး စိတ်ပါဝင်စားသူများ အခမဲ့လာရောက် ကြည့်ရှုနိုင်သည်။ **(က-ပ)**

ပြည်ထောင်စုနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် စက်မှုဇုန်ထုတ်ကုန်ပစ္စည်း ပြပွဲကို ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အားကစားကွင်းတွင် ဖေဖော်ဝါရီ ၉ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ စက်မှုဇုန်ထုတ်ကုန်ပစ္စည်းပြပွဲတွင် အရှေ့ပိုင်းခရိုင် စက်မှုဇုန်များမှ ထုတ်လုပ်သော လယ်ယာသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ယာဉ်များ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အီလက်ထရွန်နစ် စက်ပြင်သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

လူငယ်လူရွယ်များအတွက် အီလက်ထရွန်နစ် စက်ပြင်သင်တန်း(ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗီဒီယို၊ ဗွီစီဒီ) ပုံမှန်အထူးသင်တန်းများကို ကျွမ်းကျင်သော ဆရာများကိုယ်တိုင် စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အမှတ် ၁၀၀ ဦးရေခဲလမ်း(၂)ရပ်ကွက် မရမ်းကုန်းမြို့နယ် ခဝဲခြံမှတ်တိုင် ဖုန်း- ၆၆၂၀၂၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၇

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆု၊ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ (စား/ဖျော်) ခမ်းမ ရုံတွင် ကျင်းပမည်ဖြစ်သည်။

အသင်းသူအသင်းသား၊ မြို့သူမြို့သားများအားလုံး တက်ရောက်ကြပါရန်နှင့်အသက် ၇၅ နှစ်နှင့်အထက် အသင်းဝင်များ၏ မိဘများစာရင်းနှင့် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့် အောင်မြင်သည့်ကျောင်းသူ ကျောင်းသားများ အမည်စာရင်းကို ဦးဘစော (နာယက) အိမ်ဖုန်း-၂၀၁၄၆၈၊ ဦးသိန်းအောင်(ဥက္ကဋ္ဌ)အိမ်ဖုန်း-၅၇၇၇၀၂၊ ဗိုလ်မှူးကြီးတင်ဝင်း (ငြိမ်း) (ဒု-ဥက္ကဋ္ဌ)ရုံးဖုန်း-၂၄၀၈၇၇၊ ဦးဝင်းမောင် (ဒုဥက္ကဋ္ဌ) အိမ်ဖုန်း- ၅၇၉၁၁၈၊ ၅၇၃၁၈၁ တို့သို့ ဆက်သွယ် စာရင်း ပေးပို့ကြရန် ဖိတ်ကြား နှိုးဆော်ထားသည်။ **(က-ပ)**

ဈေး ရောင်း ပွဲ ကာ လ တွင် ကိုယ် ပိုင် ပွဲ ရုံ တည် ဆောက် လို သူ များ ဘာ တွက် ဘာ ရှု ဘာ ခွင့် ဘာ ဈေး

ဘုရင့်နောင်ပွဲရုံသစ်အဆောက်အအုံနှင့်မြေကွက်များ

တက်လမ်း/ရွှေကိန်ရှိဆောက်လုပ်ရေးကုမ္ပဏီမှ
ဝယ်ယူသူများ၏ တောင်းဆိုချက်အရ ဈေးရောင်းကာလကို
၀၇-၀၂-၀၄ မှ ၀၇-၀၃-၀၄ အထိထပ်မံတိုးမြှင့်၍ ရောင်းချပေးနေပါပြီ။

၈။ Sanitary စံပြအစုံ



တက်လမ်း/ရွှေကိန်ရှိ
ဆောက်လုပ်ရေးကုမ္ပဏီ

"ရင်း နှီး မြှုပ် နှံ နိုင် ရန် အ တွက် လည်း အ ဆင် ပြေ မည့် အ ရစ် ကျ ငွေ ပေး ချေ စ နစ် ဖြင့် ရောင်း ချ ပေး မည်။"

KMT Service
TV,VCD,DVD, Satellite Receiver, Projector, Projection တို့ကို အထူးအမြန်ပြုပြင်ပေးသည်။

လူထု
သံပန်း သံတံခါး
☎ 541722

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ မခင်စိုးမြင့် (X/RGN 008126) သည် မိဘစကား နားမထောင်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကို မဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိခင်-ဒေါ်ခင်စိန်
၁၂/ခခန (နိုင်) ၀၅၃၆၅၉

အမည်ပြောင်း ဦးဇော်မိုးနိုင်၏သား မကွေးမြို့ အထက(၁) ဒသမတန်း(I)မှ မောင်စည်သူအား ယနေ့မှစ၍ မောင်စည်သူအောင်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်စည်သူအောင်

အလုပ်လျှောက်လွှာခေါ်ယူခြင်း

(ပြည်တွင်း၌သာကျပ်ငွေဖြင့်ခန့်ထားရန်)

ပြည်တွင်းတွင် ဖက်စပ်လုပ်ငန်းပြုလုပ်နေသော အပြည်ပြည်ဆိုင်ရာ သုတ်ဆေးကုမ္ပဏီမှ အောက်ပါရာထူးများ လစ်လပ်လျက်ရှိပါသည်။

အမှတ်စဉ် (၁)	Admin Officer	(၁)နေရာ (ကျား)
အမှတ်စဉ် (၂)	Production Supervisor	(၁)နေရာ (ကျား)
အမှတ်စဉ် (၃)	Q.C Supervisor	(၁)နေရာ (ကျား/မ)
အမှတ်စဉ် (၄)	Staff	(၂)နေရာ (ကျား)
အမှတ်စဉ် (၅)	Sales Supervisor	(၂)နေရာ (ကျား/မ)

အမှတ်စဉ်(၁)အတွက် ဘွဲ့ရဖြစ်ရမည်။ ရုံးလုပ်ငန်းလုပ်သက် (၂)နှစ်ရှိရမည်။ အသက်၂၅-၃၀ အတွင်းဖြစ်ရမည်။ Computerအသုံးပြုနိုင်ရမည်။

အမှတ်စဉ်(၂)အတွက် B.Sc (Chem)(သို့) B.Sc (I.C)ဖြစ်ရမည်။ လုပ်သက် (၂)နှစ်ရှိရမည်။ သုတ်ဆေးလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ အသက် ၂၅-၃၀ အတွင်းဖြစ်ရမည်။ Computer ကို ကောင်းစွာ အသုံးပြုနိုင်ရမည်။

အမှတ်စဉ်(၃)အတွက် B.Sc (Chem)(သို့) B.Sc(I.C)ဖြစ်ရမည်။ (Q.C) လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူဖြစ်ရမည်။ အသက် ၂၅-၃၀ အတွင်း ဖြစ်ရမည်။ Computer ကို ကောင်းစွာအသုံးပြုနိုင်ရမည်။

အမှတ်စဉ်(၄) အတွက် ဘွဲ့ရ၊ အသက်၂၅-၃၀ အတွင်းဖြစ်ရမည်။ လုပ်သက် (၂)နှစ်ရှိရမည်။ Computer အသုံးပြုနိုင်ရမည်။

အမှတ်စဉ် (၅)အတွက် ဘွဲ့ရ၊ Sales အတွေ့အကြုံ (၂)နှစ်ရှိရမည်။ Computer အသုံးပြုနိုင်ရမည်။ နေရာဒေသမရွေးစေလွှတ်ပါက တာဝန်ထမ်းဆောင်နိုင်ရမည်။

အထက်ပါရာထူးများအတွက် သတ်မှတ်ထားသောအရည်အချင်းများ ပြည့်စုံသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း လူအင်အား ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဦးပိုင် အမှတ် ၁၈၉/၁၉၁ ၅၁-လမ်း၊ ရန်ကုန်မြို့(သို့) Beger Paints Manufacturing Ltd. အမှတ် ၃၄ A၊ ပျဉ်းမပင်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့သို့ လျှောက်လွှာများကို ပေးပို့ရမည်။ လျှောက်လွှာနှင့်အတူ CV အလုပ်သမားမှတ်ပုံတင်၊ အကျင့်စာရိတ္တကောင်းကြောင်း ရဲစခန်းထောက်ခံစာ၊ လိုင်စင်ဓာတ်ပုံ (၁)ပုံတို့ကို ပူးတွဲပေးပို့ရမည်။

ကျွမ်းကျင်ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

(၁)	Sale Executive	ကျား/မ	(၄)ဦး
(၂)	Operation Executive	ကျား/မ	(၄)ဦး
(၃)	Driver	ကျား	(၇)ဦး

အမှတ်စဉ်(၁-၂)ဘွဲ့ရ အင်္ဂလိပ်စာ ရေး၊ဖတ်၊ပြော ကျွမ်းကျင်ရမည်။ ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်ပြီး ဘာသာစကား တစ်ခုခု တတ်ကျွမ်းသူကို ဦးစားပေးမည်။

အမှတ်စဉ်(၃) ၁၀တန်းအောင်၊ ခရီးဝေးမောင်းနှင်နိုင်သည့် အတွေ့အကြုံရှိသူ၊ အင်္ဂလိပ်စကားပြောနိုင်သူကို ဦးစားပေးမည်။

အထက်ပါရာထူးများအားလုံးအတွက် အသက် (၂၄ မှ ၄၀)နှစ်အတွင်း လိုအပ်ပါက နယ်တွင်သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။ ကြော်ငြာပါသည့် နေ့မှစ၍ ၁၄ရက်အတွင်း လျှောက်လွှာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်း ထောက်ခံစာနှင့်အတူ အောက်ပါလိပ်စာများသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

Adventure Myanmar Travels & Tour

ဗိုလ်တထောင်ကွန်ဒိုမီနီယံ၊ အခန်း(၄၊၅၊၆) ခြောက်လွှာ၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်မြတ်ထွန်း လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်။
မန္တလေးရုံးခွဲ - အမှတ်(၃)၊ ၂၆လမ်း၊ ၇၈လမ်းနှင့်၇၉လမ်းကြား၊ မန္တလေးမြို့။
ပုဂံရုံးခွဲ - အမှတ်(၃/၄)၊ မိန်းလမ်း၊ ဝက်ကြီးအင်း၊ ပုဂံ-ညောင်ဦး။
အင်းလေးရုံးခွဲ - ခေါင်တိုင်လမ်း၊ ဝန်းရပ်၊ ညောင်ရွှေမြို့။

သားအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးဌေးဝင်းနှင့် ကျွန်မ ဒေါ်လှရင်တို့၏ သားကြီးဖြစ်သူ မောင်လင်းသူ ၁၂/တမန(နိုင်)၁၀၅၁၈၃ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက်၂၉-၁၂-၂၀၀၃ ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက် ပြီးဖြစ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သောကိစ္စရပ်များကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဖခင်-ဦးဌေးဝင်း ၁၂/တမန(နိုင်)၀၉၈၀၀၀
မိခင်-ဒေါ်လှရင် ၁၂/တမန(နိုင်)၀၃၄၄၉၄

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား နှစ်လက်မ အဝီစိတွင်းတစ်တွင်းတူးဖော်ခွင့်လိုင်စင် ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ ၁၄ ရက်ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်နှင့်နေရပ်လိပ်စာ
ဦးတင်မြတ်(ခ)ဦးကြည်တွဲ၊ အမှတ်(၃၄H)၊ စမ်းရေတွင်းလမ်းသွယ်၊ သာသနာ့ရိပ်သာ ရပ်ကွက်၊ ဗဟန်းမြို့နယ်။
တူးဖော်မည့်နေရာမြေကွက်အမှတ် ၅၉ အို
မြေတိုင်းရပ်ကွက်အမှတ် ၃၅အီး၁

သန်းသန်းစိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)

ဝန်ထမ်းအလိုရှိသည်

(မြန်မာကျပ်ငွေဖြင့်)

မြိုင်ဟေဝန်ဖုဒ်စင်တာမှ အောက်ဖော်ပြပါ ရာထူးများအတွက် အမြန်အလိုရှိပါသည်။

၁။ လက်ထောက်အင်ဂျင်နီယာ (ကျား) ၂ ဦး
A.G.T.I ဒီပလိုမာ E.P/M.P

၂။ လျှပ်စစ်အကူ (ကျား) ၂ ဦး
အခြေခံပညာအထက်တန်းအဆင့်အောင်မြင်ပြီး
စက်မှုလက်မှု အထက်တန်းကျောင်း(T.H.S)ကျောင်းဆင်း

၃။ ငွေကိုင် (မ) ၂ ဦး
ဘွဲ့ရဖြစ်ပြီး ရုပ်ရည်သင့်တင့်ရမည်၊ ကွန်ပျူတာအခြေခံရှိရမည်။

၄။ အကြော်ဆရာ (ကျား) ၂ ဦး
တရုတ်ဟင်းလျာကျွမ်းကျင်ရမည်၊ အနည်းဆုံးလုပ်သက် သုံးနှစ်ရှိရမည်။

၅။ Pantry Man (ကျား) ၂ ဦး
လုပ်ငန်းလုပ်သက် အနည်းဆုံးနှစ်နှစ်ရှိရမည်။

၆။ မုန့်ဖုတ်ဆရာ(Baker) (ကျား) ၅ ဦး
မုန့်ဖုတ်လုပ်ငန်းကျွမ်းကျင်ရမည်။

၇။ လုံခြုံရေး (ကျား) ၂ ဦး
အသက် ၂၀ နှစ်မှ ၃၅ နှစ်ကြား၊
ကျန်းမာရေးကောင်းမွန်ပြီး နေ့/ညမရွေးတာဝန်ထမ်းဆောင်နိုင်ရမည်။

၈။ သန့်ရှင်းရေး (ကျား) ၂ ဦး
ကျန်းမာသန်စွမ်းပြီး အသက် (၂၀-၃၅)နှစ်အကြား

အလုပ်လျှောက်ထားသူသည် သက်ဆိုင်ရာပညာအရည်အချင်း အထောက်အထားများ အပြည့်အစုံပါဝင်ရမည်ဖြစ်ပြီး ခြောက်လအတွင်း ရိုက်ယူထားသော ဓာတ်ပုံနှစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်ကတ်၊ နိုင်ငံသားမှတ်ပုံတင်ကတ်၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ ကိုယ်ရေးအကျဉ်းချုပ် ဖော်ပြထားသော အလုပ်လျှောက်လွှာနှင့်အတူ သတင်းစာတွင်ကြော်ငြာတွေ့ရှိပြီး ၁၀ ရက်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်။

(ရွေးချယ်ခြင်းမခံရပါက လျှောက်လွှာများကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။)

မြိုင်ဟေဝန်ဖုဒ်စင်တာ
ရှစ်မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်

ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၂-၂၀၀၄ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ်ထက် မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာ စစ်ဌာနချုပ်များတွင် ၉-၂-၂၀၀၄ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၄-၂-၂၀၀၄ ရက်နေ့မှ ၄-၃-၂၀၀၄ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာချွန် စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက်သတင်းပို့ လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေး လက်မှတ်။

(ခ) ပညာအရည်အချင်း အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)။

(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ်ဓာတ်ပုံ (၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများအား စစ်ဌာနချုပ်များ အစီအစဉ်ဖြင့် အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip. C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် ၄၅၀၀ ကျပ်၊ ဒုတိယနှစ် ၅၀၀၀ ကျပ်ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်မတော်(ကြည်း ရေ လေ)တွင် တပ်ကြပ်ကြီး/စာရေး(တတိယတန်း) အဖြစ်ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိပြီး အောင်မြင်ပါက တစ်ဆင့်မြင့် အဆင့်/အတန်းသို့ တိုးမြှင့်ရရှိမည်ဖြစ်ပြီး အောက်ပါအတိုင်း လစာနှင့်စရိတ်များရရှိမည်-

အဆင့်/အတန်း	အခြေခံ လစာ	အရည်အချင်း လစာ	M.H.R.A	ပေါင်း
(က) တပ်ကြပ်ကြီး/စာရေး(တတိယတန်း)	၅၃၀၀	၁၅၀	၁၀၀၀	၆၄၅၀/-
(ခ) တပ်ကြပ်ကြီး/စာရေး(ဒုတိယတန်း)	၅၃၀၀	၂၀၀	၁၀၀၀	၆၅၀၀/-
(ဂ) တပ်ကြပ်ကြီး/စာရေး(ပထမတန်း)	၅၃၀၀	၂၅၀	၁၀၀၀	၆၅၅၀/-
(ဃ) ဒုတိယအရာခံဗိုလ်/စာရေး	၆၅၀၀	၂၅၀	၁၀၀၀	၇၇၅၀/-
(င) အရာခံဗိုလ်/စာရေး	၇၁၀၀	၂၅၀	၁၀၀၀	၈၃၅၀/-

မှတ်ချက်။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀/- နှုန်းဖြင့် ၅၀၀/- အထိ ခံစားခွင့်ရှိသည့်အပြင် သက်သာချောင်ချိရေးထောက်ပံ့ငွေအဖြစ် လစဉ် ၅၀၀၀/- ခံစားခွင့်ရှိသည်။

၇။ တပ်ကြပ်ကြီး/စာရေးအဖြစ် တာဝန်ထမ်းဆောင်စဉ် **အဓိပတိသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေးအတွက်** အဆင်ပြေစွာ ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ် ပြည့်ပြီးလျှင်သော်လည်းကောင်း **ဗိုလ်လောင်းသင်တန်းသို့** လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် **စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက** နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ရေ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ တာဝန်ထမ်းဆောင် နိုင်ခွင့်ရှိသည်။

မှတ်ချက်။ အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

ချစ်သမီးဦးလေး "ငြိမ်းချမ်းဆုဝေ" အတွက် မွေးနေ့ဆုမွန်လွှာ

၅-၂-၂၀၀၄ ရက်နေ့တွင် ရောက်ရှိသော တစ်လပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင် လောကီ၊ လောကုတ္တရာ မင်္ဂလာ အဖြာဖြာဖြင့် ငြိမ်းချမ်းပြည့်စုံ၍ တိုင်းပြည်အကျိုးကို ဆတိုးဆောင်ရွက်နိုင်သော သမီးရတနာလေးဖြစ်စေသော်။

ဘွားဘွားကြီး – ဒေါ်ကြည်ကြည်ဆိုင်
ဘိုးဘိုး – ဦးအောင်မြင့်၊ ဒုတိယဗိုလ်မှူးကြီး တင်ထွန်း (ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)
ဘွားဘွား – ဒေါ်တင်အေး၊ ဒေါ်ခင်နွယ်အေး
ဖေဖေမေမေ – ဗိုလ်ကြီးမင်းထွဋ်ခိုင်–ဒေါ်သီလာစိုး

သမဝါယမဝန်ကြီးဌာန
သမဝါယမဦးစီးဌာန
ရန်ကုန်သမဝါယမဒီဂရီကောလိပ်
သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်သမဝါယမဒီဂရီကောလိပ်)၏ အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည် ဖြစ်ပါသည်။

၁။ ဖွင့်လှစ်မည့်သင်တန်းများ
လက်မှတ်ရသင်တန်းများ
(၁) Certificate in Computerized Accounting Course (ACCPAC plus with Modules)
(၂) လက်မှတ်ရ မြန်မာကွန်ပျူတာစာရင်းကိုင်စနစ်သင်တန်း (i˚Ledger) (INTEGRA Systems Company Ltd. ဖြင့် ပူးပေါင်း၍ စီးပွားရေးလုပ်ငန်းများတွင် လက်တွေ့အသုံးပြုလျက်ရှိသော မြန်မာဘာသာဖြင့် စာရင်းသွင်းခြင်းစနစ်ကို Software Packages ရေးဆွဲသူများကိုယ်တိုင် ပို့ချမည်။)
(၃) Certificate in English Proficiency Course (ပြင်ပကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်းပို့ချမည်)
(၄) Certificate in Korean Language Course (ကိုရီးယားနိုင်ငံမှNative Speaker ဆရာတစ်ဦး ပါဝင်ပို့ချမည်)

၂။ သင်တန်းအောင်လက်မှတ် – လက်မှတ်(Certificate)ပေးမည်။
၃။ သင်တန်းကာလ – အထက်ပါသင်တန်းအားလုံး လေးလ သင်တန်း (စနေနေ့နှင့်တနင်္ဂနွေနေ့)
၄။ သင်တန်းဝင်ခွင့် အရည်အချင်း – အနိမ့်ဆုံး အခြေခံပညာအထက်တန်း(က) အဆင့် (သို့) တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ
၅။ လျှောက်လွှာပုံစံယူရန်နှင့် သင်တန်းတည်နေရာ – ရန်ကုန်သမဝါယမဒီဂရီကောလိပ် (ဒီပလိုမာသင်တန်း ဆရာစံပလာဇာ (တတိယထပ်)၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်
၆။ လျှောက်လွှာပိတ်မည့်ရက် – ၂၅-၂-၂၀၀၄
၇။ အသေးစိတ်အချက်အလက် စုံစမ်းရန် – အထက်ပါသင်တန်းခွဲရုံး၊ ဖုန်း – ၅၄၂၈၁၅၊ ၅၅၉၁၇၃

မှတ်ချက် – သင်တန်းသားဦးရေကန့်သတ်ထားပါသည်။

ကျေးဇူးဆပ်ပါမည်

တောင်တွင်းကြီးမြို့နယ်၊ ချောင်းနက် အနောက် ကျေးရွာနေ (ဦးထွန်းဆိုင်)–ဒေါ်မှန် တို့၏သား ကိုအောင်မြင့်ဌေး အသက်(၂၅)နှစ်ခန့်ရှိ စိတ်ဝေဒနာရှင်သည် ၂-၁၂-၂၀၀၃ရက်တွင် ရွာမှ ပျောက်ဆုံးသွားပါသဖြင့် ၎င်းအား တွေ့ရှိပါက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။

ဦးကြည်လင်း
ဖုန်း–၀၆၃–၅၀၅၃၈

မွေးသက္ကရာဇ်အမှန်

ဦးကိုကိုဦး၏ သားဖြစ်သူ တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁) မကာဟိုခမ်းရပ် စတုတ္ထတန်း(ဂ)တွင် ပညာသင်ကြားနေသော မောင်ကောင်းထက်လင်း၏ ကျောင်းဝင် အမှတ် ၁၁၃၂၂၊ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၁-၁၉၉၅ ခုနှစ်ဖြစ်ပါသည်။

ကျေးဇူးတင်ရှိခြင်း

၈-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားသော ဒုတိယဗိုလ်မှူးကြီး အေးသိန်း (ငြိမ်း) စာပေညွှန်ကြားရေးမှူး (စစ်တက္ကသိုလ်၊ ငြိမ်း)၊ သံအမတ်ကြီး (ငြိမ်း) ကျွမ်းကျင်သူအကြံပေးအရာရှိ (MEC) ဥက္ကံမြို့ ရှာပနကိစ္စအတွက် အဘက်ဘက်မှ ကူညီအားပေးကြသော လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေများ၊ တပည့်များကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။
ချစ်ဇနီး–ဒေါ်နန်းခင်ဆွေငြိမ်း
ချစ်သမီး–သန္တာအေးသိန်း
II(C),˚T.T.C

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်အေးပြည့်ထွန်း ၁၂/တမန(နိုင်)၀၀၃၆၁၆သည် မိဘများ၏ ဆုံးမမှုကို လုံးဝ မနာခံဘဲ မိမိသဘောအလျောက် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ၂-၂-၂၀၀၄ ရက်မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စများအားလုံးကို လုံးဝတာဝန်ယူမည် မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ
မိဘ–ဦးဖေအေး–ဒေါ်ခင်ဝင်းကြည်
အမှတ်(၉၄)ဝင်း၊ ပဒုမ္မာလမ်း၊
ဒဂုံမြို့နယ်

(၁)လပြည့်အလွမ်း
ဒုတိယဗိုလ်မှူးကြီး အေးသိန်း(ငြိမ်း)

စာပေညွှန်ကြားရေးမှူး(စစ်တက္ကသိုလ်–ငြိမ်း)
သံအမတ်ကြီး(ငြိမ်း) ကျွမ်းကျင်သူအကြံပေးအရာရှိ (MEC) ဥက္ကံမြို့
အသက်(၇၄)နှစ် (၈-၁-၂၀၀၄)

အန်ကယ်မောင် ယနေ့ ၈-၂-၂၀၀၄ ရက်တွင် တစ်လပြည့်ခဲ့ပါပြီ၊ တစ်နေ့မှမေ့မရပါ၊ အန်ကယ်မောင်ရဲ့ အေးမြလှသော မေတ္တာတရားနှင့် ကျေးဇူးများကို ရည်စူးပြီး နေ့စဉ်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှု အစုစုကို အန်ကယ်မောင်ကို ငြိမ်းနှင့်သမီး အမျှ–အမျှ–အမျှ ပေးဝေပါသည်။

မြင့်မြတ်အေးချမ်းသောဘုံဘဝမှ သာခုခေါ်ပါအန်ကယ်မောင်။

ချစ်ဇနီး–ဒေါ်နန်းခင်ဆွေငြိမ်း
ချစ်သမီး–သန္တာအေးသိန်း II(C), T.T.C

ခုံအာကျောင်းဆေးရုံ

[illegible] CD, Count [illegible]

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ ကြီးကြပ်ရေးမှူး(ဘွဲ့ရ) ကျား ၂ ဦး
မ ၂ ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထား၊ ရပ်ကွက်ထောက်ခံစာတို့ကို အောက်ပါလိပ်စာအတိုင်း ပေးပို့ရမည်။ နယ်မဖြစ်ရမည်။

လိပ်စာ – အမှတ် ၅၁၉/၅၂၀၊ အဓိပတိလမ်းသွယ်(၁)၊ စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့
ဖုန်း – ၇၀၆၅၃၃

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လ/၁၆၇၃ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်(ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးအုန်းကြည်
ချမ်းမြေ့အောင်သစ်သီးရောင်းဝယ်ရေးပွဲရုံ (သီရိမင်္ဂလာဈေး)
အသက်(၈၃)နှစ်

မော်လမြိုင်မြို့နေ (ဦးစံလွင်-ဒေါ်သန်းတင်) တို့၏သား၊ (ဒေါ်မေရီ)၏ခင်ပွန်း၊ ဦးကျော်တိုး-ဒေါ်ကျင်ဌေး၊ ဒေါ်သန်းဝေ၊ ဦးစိုးလွင်-ဒေါ်ညွန့်ဝေ တို့၏ဖခင်၊ မောင်မျိုးဝင့်စိုး၊ မအိထက်မွန်၊ မောင်ဇော်မျိုးထွန်း၊ မနန္ဒာအေး၊ မသီရိလှိုင်တို့၏အဘိုးသည် ၇-၂-၂၀၀၄ ရက် နံနက် ၆:၄၅ နာရီတွင် တိုက်ကြီးမြို့ သီဟိုဠ် သရက်ခြံနေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ၎င်းနေအိမ်မှ တိုက်ကြီးမြို့ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်ရှိန်
အသက်(၆၂)နှစ်

ကိုထူးအယ်လင်း-မမီးမီးခဲတို့၏ဖခင် ဦးကျော်ရှိန်သည် ၇-၂-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **အောင်မြင်-မော်လီ။**

သာသနာ့ဒါယကာ

သားလိမ္မာ မောင်ခင်ဇော်ဦး (၂ နှစ်ပြည့်) ၈-၂-၂၀၀၄ ရက် မေမေတို့ သားအမိ ချွေးနဲစာများနှင့် တော်ဝင်ရွှေကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးကို မော်ဘီမြို့တွင် တည်ဆောက်နေသော ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်များကို သားလေးနှင့်(၃၁)ဘုံသား အားလုံး အမျှ-အမျှ-အမျှ ပေးဝေလျက်-

သားရဲ့ မေမေ
ဒေါ်ခေမာနန္ဒီ။

ကျေးဇူးတင်ရှိခြင်း
ဦးခင်ဟုတ်
(ကျုံမငေး)
(အငြိမ်းစား၊ လ/ထတိုင်းပညာရေးမှူး၊ ပဲခူးတိုင်း)

ရန်ကုန်မြို့၊အမှတ် ၆၇/၂၊ ၆ လမ်း၊ မြင်သာ ၁၄ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဆရာကြီး ဦးခင်ဟုတ် မကျန်းမာစဉ်က ကုသပေးခဲ့ကြသော ပါမောက္ခနှင့် ဆရာဝန်၊ ဆရာမများ၊ Sakura အထူးကုဆေးခန်းတွင် မေတ္တာဖြင့် လာရောက်ကြည့်ရှု စောင့်ရှောက်ပေးခဲ့သော ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ဦးနှောက်နှင့်အာရုံကြော အထူးကုဆရာဝန်ကြီး၊ နှလုံးရောဂါအထူးကု ဆရာဝန်ကြီးနှင့်တကွ ဆရာ၊ဆရာမများ အားလုံးအားလည်းကောင်း၊ ဈာပနကိစ္စအဝဝကို လိုလေသေးမရှိအောင် တာဝန်ယူဆောင်ရွက်ပေးသော ဌာနဆိုင်ရာများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ ဈာပနကိစ္စသို့ လိုက်ပါပို့ဆောင်ကြသည့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းနှင့် ရန်ကုန်၊ ကျုံမငေး၊ ဝါးခယ်မမှ တပည့်သားချင်းများ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ၊ အနယ်နယ် အရပ်ရပ်မှ ဆက်သွယ်မှုအမျိုးမျိုးဖြင့် နှစ်သိမ့် အားပေးကြသော မိတ်သင်္ဂဟများ၊ လှူဒါန်းဖွယ်ရာ ဝတ္ထုပစ္စည်းများ ပေးပို့ကြသော မိတ်သင်္ဂဟများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်း ပေးပို့ကြသူများနှင့်တကွ ကျေးဇူးတင်ထိုက်သူများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင် (မြိတ်)
ကျောင်းအုပ်ဆရာမကြီး
အထက ဆိပ်ကြီး၊ ခနောင်တို
အသက်(၅၉)နှစ်

မြိတ်မြို့၊ ဈေးတန်းရပ်၊ ဈေးဟောင်းလမ်းနေ (ဦးငွေညွန့်-ဒေါ်စောရီ)တို့၏သမီး၊ အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ အမှတ် ၃၁ (ပထမထပ်)နေ ဦးခင်မောင်ညို (အထပြ-ငြိမ်း)၏ဇနီး၊ မောင်ညိုမင်းသက် (2nd Mate၊ MTM Co., Ltd.)၊ မညိုဝင်းလဲ့(ကျိုက်ထိုဟိုတယ်)၊ မောင်ညို မိုးသက်တို့၏မိခင်ကြီးသည် ၇-၂-၂၀၀၄ရက်(စနေနေ့)ညနေ ၃:၁၅ နာရီ တွင် ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်၍ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၉ နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးမြခင်
(မြိတ်)
အသက်(၅၀)

မြိတ်မြို့၊ မြစ်မရပ်၊ စံပယ်လမ်း၊ အမှတ် ၄၅ နှင့် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄ဝါလမ်း၊ အမှတ် ၄၁/စီ နေ ဦးစံရွှေ-(ဒေါ်စိန်မှုံ)တို့၏သား၊ (ဦးမောင်ညွန့်-ဒေါ်ကျင်ပုံ)တို့၏သားသမက်၊ မောင်စိုးရခင်၊ မသီရိခင်၊ မောင်မိုးမျိုးသူ၊ မရီရီခင်၊ မချယ်ရီခင်၊ မဆုဆုခင်တို့၏ဖခင်၊ ဒေါ်လှလှဝေ၏ ခင်ပွန်းသည် ၆-၂-၂၀၀၄ရက် နံနက် ၁:၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၈-၂-၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၄ဝါလမ်း နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရောင်း/ဝယ်

ဒဂုံဆိပ်ကမ်း၊ ယုဇန အိမ်ရာမှ တိုက်ခန်းများ ရောင်း/ဝယ်လိုလျှင် ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

Phone:549138

သားအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

(ဦးထွန်းအေး)-ဒေါ်ခင်မြိုင်တို့၏သားဖြစ်သူ မောင်လှဝေ ၁၂/ဒဂတ(နိုင်)၀၁၈၀၁၇ သည် မိဘတို့အား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ၇-၂-၂၀၀၄ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

မိခင်-ဒေါ်ခင်မြိုင်
၁၂/တမန(နိုင်)၀၂၅၉၀၃

ဦးသန်းနွဲ့ (ပွင့်ဖြူ)
အသက်(၇၁)နှစ်

ပွင့်ဖြူမြို့၊အနောက်ပိုင်းရပ်နေ(ဦးနေအေး-ဒေါ်မိ)တို့၏သား၊ ဦးထွန်းရင်-ဒေါ်အုန်းကြည်တို့၏မောင်၊ ဦးစောဝင်း-ဒေါ်အုန်းမေ၊ ဒေါ်ရင်ရင်တို့၏အစ်ကို၊ ဒေါ်ခင်မေ (မူ/ပြ၊အငြိမ်းစား) ၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ၁၅၈ ဘီ-၂၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်နေ ဦးစန်းမြိုင် [မော်ကွန်းထိန်း (၂) ရန်ကုန်တက္ကသိုလ်]-ဒေါ်အေးအေးသိန်း(အထပြ၊ TTC ကမာရွတ်)၊ ဒေါ်အေးအေးငြိမ်း(လယ်/အုပ်-ကဇွန်းမ၊ဆိတ်ဖြူမြို့နယ်)၊ (ဦးအောင်ဆန်းလွင်)-ဒေါ်ကြည်ကြည်ဌေး၊ ဦးဇော်မိုးနိုင်-ဒေါ်မျိုးမျိုး (လယ်/ပြ)၊ ဒေါ်အေးအေးမွန် (စိုက်ပျိုးရေး)၊ ဦးမောင်ဦး-ဒေါ်သီသီလွင်(မူပြ-၁)၊ ဦးခိုင်အောင်ထူး (ဆည်မြောင်း)-ဒေါ်ရင်ရင်ဖြိုး(MEPE)၊ မခိုင်ဇင်ထူးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၅-၂-၂၀၀၄ရက် ည ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၂-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (တက္ကသိုလ်ရိပ်သာလမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဝင်းမောင် (သက္ကလ)
အသက်(၈၃)နှစ်

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ သက္ကလ စံပြကျေးရွာနေ(ဦးဖေလေး-ဒေါ်သင်းနွယ်)တို့၏သား၊ (ဦးမောင်-ဒေါ်သန်းခင်)တို့၏သားသမက်၊ ဦးထွန်းမြတ်-ဒေါ်အမာ၊ ဦးငြိမ်းမောင်-ဒေါ်အေးတင့်၊ ဦးကွန်-ဒေါ်မြသိန်း၊ ဦးကျော်ဝင်း-ဒေါ်ညွန့်ရီတို့၏ညီ/မောင်၊ ပဲခူးမြို့နေ (ဦးလှကြည်-ဒေါ်အေးတင်) (ကြယ်နီဆေးပေါ့လိပ် ကိုယ်စားလှယ်) တို့၏အစ်ကို၊ တောင်ငူမြို့၊ ပွဲစားလမ်းနေ ဒေါ်အေးကြိုင်၏ခင်ပွန်း၊ ကိုသိန်းစိုး-မတင်ရီတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂-၂-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၀၄ ရက်တွင် တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ခင်(ပုသိမ်)
အသက်(၇၅)နှစ်

ပုသိမ်မြို့၊ကုန်သည်လမ်း၊အမှတ် ၃၂/ခ နေ (ဦးမောင်မောင်ကြီး-ဒေါ်မမကြီး)တို့၏သား၊ ဒေါ်ကြော့ရီ၏ခင်ပွန်း၊ ဦးမြသိန်း-ဒေါ်သိန်းသိန်းခင်၊ ဦးအောင်သူရ-ဒေါ်သင်းသင်းအေး၊ ဦးမောင်မောင်လတ်-ဒေါ်မြင့်မြင့်မော်၊ ဒေါ်ခင်ပြုံးရည်၊ ဒေါ်မူမူတို့၏ဖခင်၊ မောင်စောလွင်လွင်၊ မောင်သော်ဇင်လတ်၊ မရည်မွန်သန့်တို့၏အဘိုး၊ ဦးမောင်မောင်ခင် (ကြယ်တံဆိပ်ရွှေဆိုင်) သည် ၇-၂-၂၀၀၄ ရက် (စနေနေ့) နံနက် ၆:၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၂-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ၂ နာရီတွင် အထက်ပါနေအိမ်မှ သစ်ညိုကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သိန်းမြင့် (ပိန်းဇလုပ်)
အသက်(၆၄)နှစ်

သျှောင်လေးပင်မြို့နယ်၊ပိန်းဇလုပ်မြို့နေ (ဦးအင်နာ)-ဒေါ်သန်းတို့၏သမီး၊ သံတွဲမြို့နေ (ဦးစန်းမောင်-ဒေါ်မမတင်) တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊မြေနီကုန်း၊မပိုလမ်း၊တိုက်၄၀၊ အမှတ်၅(ခ)နေ ဒုတိယဗိုလ်မှူးကြီးမျိုးသိန်း(ငြိမ်း၊ပါမောက္ခစိတ်ရောဂါအထူးကု၊ တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ) ၏ဇနီး၊ ဦးဇော်ခိုင်ဦး-ဒေါ်ချိုချိုမှာ၊ ဒေါ်မြမြလှိုင်၊မစုစုလွင်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၅-၂-၂၀၀၄ ရက်နံနက်၄:၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၉-၂-၂၀၀၄ရက်နံနက်၉နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းတင့်
(လေးမျက်နှာ၊မိုးညိုဟသ်ာတ)
အသက်(၇၅)နှစ်

လေးမျက်နှာမြို့နေ (ရေ့နေကြီးဦးလှဖေ-ဒေါ်လှသင်း)တို့၏သား၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ အမှတ် ၃၉၆၊ သုမန ၃ လမ်း၊(၅)ရပ်ကွက်နေ ဆရာမဒေါ်ခင်မာကြည်(အငြိမ်းစား)၏ခင်ပွန်း၊ (ဒေါ်လှိုင်လှိုင်သန်း)၊ ဦးခိုင်မျိုးထွန်း-ဒေါ်သန်းသန်းထွန်း (ရွှေတိဂုံဂေါပကအဖွဲ့ရုံး)၊ဒေါ်စုစုသန်း(လ/ထ ကထိက-ဆေးဘက်ပညာသည် တက္ကသိုလ်၊ ရန်ကုန်)-ဦးစိန်မော်ဦး (ဦးစီးအရာရှိ၊ မိုး/ဇလ) တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၆-၂-၂၀၀၄ ရက် (သောကြာနေ့) ည ၇:၄၅ နာရီတွင် အထက်ပါနေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းနု
B.A(Law)LLB
ဥပဒေအရာရှိအဆင့်(၁)(ငြိမ်း)
တရားရုံးချုပ်ရှေ့နေ
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် ၉၊ အခန်း ၃၆ နေ (ဦးကောင်းစံဦး) (ဒေါ်မြသံဒါ) တို့၏သားကြီး၊ ဦးရွှေစောဖြူ- ဒေါ်ကျော့စိန်တို့၏ သားသမက်၊ ဦးဘသိန်း၊ဖ (မြန်မာ့သစ်လုပ်ငန်း)၊ ဦးသိန်းထွန်းအောင် (Chief Officer)-ဒေါ်လှမေတို့၏အစ်ကိုကြီး၊ ဒေါ်သိန်းနွဲ့ (တရားရုံးချုပ်ရှေ့နေ)၏ ခင်ပွန်း၊ ဒေါ်ဝေနေစံ (နည်းပြ၊ကိုရီးယားဘာသာဌာန၊မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်)၊ မောင်ထွန်းမင်း [2nd Year Law(UDE)] တို့၏ဖခင်သည် ၇-၂-၂၀၀၄ ရက် မွန်းလွဲ ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၀၄ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်မောင် (မြစ်ငယ်)
အထက်တန်းစာရေးကြီး(ငြိမ်း)
လူမှုဖူလုံရေး
အသက်(၇၁)နှစ်

မြစ်ငယ်မြို့၊ သီတာရပ်ကွက်နေ ဒေါ်လှမြိုင်၏ခင်ပွန်း၊ မြစ်ငယ်မြို့၊ ခနဲကျေးရွာနေ ဦးစိန်လင်း(လမ်း/တံတား စီမံကိန်း)-ဒေါ်ဝင်း၊ မြစ်ငယ်မြို့၊ သီတာရပ်ကွက်နေ ဦးသိန်းထွန်း (မြန်မာ့မီးရထား)-ဒေါ်သန်းသန်းမြင့်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မလွကုန်း မီးရထားဝင်းနေ ဦးစံရင်(ကြီးကြပ်ရေးမှူး၊ တွဲအုပ်ကြီး၊တိုင်း-၇၊ရန်ကုန်)-ဒေါ်သန်းသန်းဝင်း၊ ဒေါ်သန်းသန်းအေး (မြန်မာ့မီးရထား) တို့၏ဖခင်သည် ၅-၂-၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် မြစ်ငယ်မြို့နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမ
ဒေါ်ခင်ဝင်း
အသက်(၅၇)နှစ်

(ဦးကျော်-ဒေါ်တင်ရွှေ)တို့၏သမီး၊ (ဦးအောင်စ)၏ဇနီး၊ဦးစိုးနိုင်-ဒေါ်ခင်ခင်ဌေး၊ ဦးသိန်းဇံ-ဒေါ်မြင့်မူ၊ မမြင့်မြင့်သန်း၊ ကိုမြသိန်းတို့၏အစ်မ၊ ကိုစိုးဦး-မကြူမြာ၊ ကိုမောင်မောင်အောင်-မညွန့်ညွန့်မြိုင်၊ ကိုအေးစိုး-မခင်မာအောင်၊ ကိုနိုင်ဝင်းအောင်- မစန်းစန်းမြင့်၊ ကိုကျော်ဝင်းထွေးတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၇-၂-၂၀၀၄ ရက် နံနက် ၈:၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၂-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အေးလမ်း၊၃၃/ဘီ၊အလုံမြို့နယ် နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းဆွေ
(လ/ထငွေကိုင်၊ MCB)
အသက်(၅၉)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၅)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ် ၄၉၀ နေ (ဦးထွန်းမြ-ဒေါ်စိန်မြင့်)တို့၏သား၊ ဒေါ်လှမေ၊ ဦးတင်မောင်-ဒေါ်ခင်အုန်းမြင့်၊ ဦးဘဥာဏ်-ဒေါ်သီသီထိုက်တို့၏ညီ/မောင်၊ ဒေါ်သိန်းညွန့်၏ခင်ပွန်း၊ မလေးမာဆွေ၊ မောင်ရဲခိုင်(ဆည်မြောင်း၊MCHP Co.,Ltd.) တို့၏ ဖခင်သည် ၇-၂-၂၀၀၄ ရက်(စနေနေ့)တွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၀၄ ရက်(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် စံပြဆေးရုံကြီးမှ ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေး ထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း – ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်
ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး – ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ
ထိန်းသိမ်းရေးကော်မတီ – ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဦးငွေသန်း (ဖျာပုံ)
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
ပြည်တွင်းအခွန်များဦးစီးဌာန
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၊ မင်းဦးလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့နေ (ဦးဘိုးညွန့်-ဒေါ်ချို)တို့၏သား၊ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဒေါ်သန်းကြည်၊ (ဒေါ်စန်းရီ) တို့၏အစ်ကို၊ ဦးတင်မောင်ဦး-ဒေါ်ခင်ချိုသန်း(မြို့တော်စည်ပင်၊ စစ်ဆေးရေးဌာန)၊ဒေါ်နုနုသန်း(ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း)၊ ဒေါ်လှလှသန်း(ပြည်တွင်းအခွန်၊ ကြည့်မြင်တိုင်)၊ ဒေါ်စုစုသန်း၊ ဒေါ်သန်းသန်းထွေး (Myanmar Bridgement) တို့၏ဖခင်၊ မဥမ္မာဦး၊ မောင်ပြည့်ဖြိုးဦး၊ မောင်သန်းတိုးဦးတို့၏အဘိုးသည် ၆-၂-၂၀၀၄ရက် မွန်းလွဲ ၁၂:၃၅ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(အမှတ် ၃၊ မင်းဦးလမ်း၊ စမ်းချောင်း နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှကြိုင် (မြိတ်)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၊ မိုးကောင်းဘုရားလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်နေ (ဦးဖိုးရွှေ-ဒေါ်ငြိမ်းခိုင်)တို့၏သား၊ (ဦးကျင်ထူး-ဒေါ်ရန်ကြည်)တို့၏သားသမက်၊ (ဒေါ်စောညွန့်)၏ခင်ပွန်း၊ (ဦးမောင်သောင်း-ဒေါ်သန်းဆင်)တို့၏အစ်ကို၊ ဦးမောင်မောင်သော်-ဒေါ်အေးအေးမြင့် (မြို့ရွာ/အိုးအိမ်)၊ ဒေါ်နုနုရီ၊ ဒေါ်ဥမ္မာကြိုင်၊ ဦးထွန်းအောင်တို့၏ဖခင်၊ မရည်မွန်သော်(III-D၊ TTC)၊ မမြတ်မွန်သော်[KG (E)၊ TTC]တို့၏အဘိုးသည် ၆-၂-၂၀၀၄ရက် (သောကြာနေ့) ညနေ ၄:၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၈-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပေါင်းတည်အသင်း(ရန်ကုန်မြို့)
ဒေါ်ကျင်လှ(ခ)ဒေါ်ကျင်ခ
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ၈၇ လမ်း၊ အမှတ် ၁၂ (ခြောက်လွှာ)နေ (ဦးစံသိန်း)၏ ဇနီး ရာသက်ပန်အသင်းဝင်သည် ၄-၂-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၆-၂-၂၀၀၄ ရက်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဗိုလ်ကြီးသူရ Robert ခွာလ်လျှံမန် (ငြိမ်း)
(D.S.A)
(Y.C.C.F)
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စစ်မှုထမ်းဟောင်းစံပြရွာ၊ ဦးစလမ်း၊၃/၅/၃ နေ (ဗိုလ်ကြီး Paul ထောင်ဇာကပ်)-Maria ကျိန်ဇာမန်းတို့၏တတိယမြောက်သား၊ ဒုအရာခံဗိုလ် Felix ကမ်လမ်တန်-Cecilia ခင်လွန်းကျင် (ကထိက၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏မောင်၊ John ထောင်ခန့်မုန်-Benedetta ဥာဏ်ဟောက်သျောင် တို့၏ညီ၊ ဗိုလ်ကြီး Adward ထန်စွမ်းပြောင်-ဒေါ်အေးမြတ်ကြွယ်တို့၏အစ်ကို၊ Teresa ဝမ်းဟောက်ကျိန်၏ခင်ပွန်း၊ Adrew ကပ်လင်းစိန်၏ဖခင်သည် ၇-၂-၂၀၀၄ ရက်မွန်းလွဲ ၂:၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၉-၂-၂၀၀၄ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေး ခရစ်ယာန်သုသာန်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ကြောင်း။

(အထက်ပါ နေအိမ်မှကား မွန်းလွဲ ၁၂:၃၀ နာရီတွင် လည်းကောင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ဖာတီမာမယ်တော် ဘုရားရှိခိုးကျောင်းနှင့် မဟာဗန္ဓုလပန်းခြံလမ်း၊ ဇေမာနွေလ ဘုရားကျောင်းရှေ့မှ မွန်းလွဲ ၁၂:၃၀ နာရီတွင် ကားများထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဝိမလ
သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၃၁)ဝါ

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ အဗျားဘိုတဲရွာ၊ ဘုရားလေးကမ္မဋ္ဌာန်းကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ကျေးဇူးတော်ရှင် ဘဒ္ဒန္တ ဝိမလ ဆရာတော်ကြီးသည် (၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်) ၂-၂-၂၀၀၄ ရက် (တနင်္လာနေ့) ည ၇:၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဆရာတော်၏ ဥတုဇရုပ်ကလာပ်တော်အား (တပို့တွဲလပြည့်ကျော် ၅ ရက်) ၁၀-၂-၂၀၀၄ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပ ကန်တော့ကြမည်ဖြစ်ပါ၍ အဗျားဘိုတဲဘုရားလေး ကမ္မဋ္ဌာန်းကျောင်းသို့ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား ဖိတ်ကြားအပ်ပါသည်။

တပည့်ဒါယကာ-ဒါယိကာမများနှင့် အကျိုးတော်ဆောင်အဖွဲ့။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်နွဲ့ကြည် (မော်လမြိုင်)
အသက်(၇၈)နှစ်

မော်လမြိုင်မြို့နေ (ဦးဘအုန်း-ဒေါ်စောတင်) တို့၏သမီး၊ ဦးကျော်ဇော-(ဒေါ်ခင်ကြည်) တို့၏ ညီမ၊ (ဗိုလ်ကြီးလှထွန်း)၏ဇနီး၊ ဦးထွန်းကြိုင်-ဒေါ်ဝေဝေထွန်း၊ ဦးဝင်းမင်းထွန်း-ဒေါ်အေးအေးမွန် (အခွန်ဦးစီးဌာန၊ ဝေါ)၊ ဦးလင်း-ဒေါ်သက်သက်ထွန်း (တက်နေကုမ္ပဏီ)၊ ဦးသန်းထွင်-ဒေါ်ယုယုထွန်း (ဝေါ)၊ ဦးသော်တာထွန်း-ဒေါ်မျိုးမင်းမင်းမြတ် (စွယ်တော်စားတော်ဆက်၊ သာစည်)၊ ဗိုလ်မှူးမြင့်ခိုင်(တပ်ရင်းမှူး)-ဒေါ်ချိုချိုထွန်းတို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၇-၂-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ရဲစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ထောက်ကြန့်နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

စန္ဒရားဦးအောင်မြင့်(ခ)
ဦးမောင်ရီ
အသက် (၆၆)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊အမှတ် ၁၆၊၁၀၃ လမ်းနေ ဦးဖြူ-(ဒေါ်လတ်မ)တို့၏သား၊ (ဦးခင်မောင်)-ဒေါ်သန်းစိန်တို့၏သားသမက်၊ ဒေါ်ခင်အေး၏ခင်ပွန်း၊ မောင်ခင်မောင်ဦး-မသန်းသန်းအေး၊ မောင်ခင်ဝင်း-မစန်းစန်းဝင်း၊ မောင်လှမြတ်၊ မောင်လှထွဋ်-မငြိမ်းငြိမ်းအေး၊ မပြည့်ဖြိုးသူ (Day Light Pre-School)တို့၏ဖခင်၊ မြေးငါးယောက် တို့၏ အဘိုးသည် ၆-၂-၂၀၀၄ ရက် ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၀၄ ရက် (တနင်္ဂနွေနေ့) တွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ နံနက် ၁၀:၃၀ နာရီတွင် ကားများထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ရှိန်
အသက်(၆၂)နှစ်

(ဦးလှတင်-ဒေါ်အေးမေ)တို့၏သား၊ (ဦးလှမောင်-ဒေါ်အေးမြင့်) တို့၏ သားသမက်၊ ဒေါ်သန်းညွန့်၏မောင်၊ ဒေါ်ခင်ကြွေ (ကျောင်းအုပ်၊အမက-၂၅၊ မရမ်းကုန်း)၏ ခင်ပွန်း၊ ဦးဇော်မင်းရှိန်-ဒေါ်သင်းသင်းစိုး၊ ဦးညီလွင်စိုး-ဒေါ်ယဉ်ညိုရှိန်၊ ကိုအောင်မင်းထိုက်-မဥမ္မာရှိန်၊ ကိုစိုးလှိုင်ရှိန်(ခ)ထူးအယ်လင်း-နော်ခူမူးဖော် (ခ) မမီးမီးခဲ၊ ဒေါ်စန္ဒာဝင်းရှိန် (ထပြ၊နတ်စင်ကုန်းအထက)၊ ဒေါ်စန္ဒာလင်းရှိန် (ထပြ၊ နတ်စင်ကုန်း အထက)၊ မောင်အောင်ဖြိုးရှိန်၊ မောင်ဖြိုးကိုကိုရှိန် တို့၏ဖခင်၊ မြေးခြောက်ယောက် တို့၏အဘိုးသည် ၇-၂-၂၀၀၄ရက် (စနေနေ့) တွင် ကွယ်လွန်သွားပါ၍ ၉-၂-၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ကျော်ခင်ဆင့်
(ဗဟန်း)
အသက်(၁၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၅၊ အုတ်လမ်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးကြည်မြင့်-ဒေါ်ဝင်းကြည်တို့၏ သား၊ (ကိုနေဝင်း)-မဝင်းဝင်းလှိုင်၊ ကိုကျော်ကျော်မင်း-မခင်ဆွေဦး၊ ကိုဇော်ဇော်နိုင်၊ ကိုနေဝင်း၊ ကိုဇေယျာလင်းတို့၏မောင်/ညီသည်၆-၂-၂၀၀၄ရက်(သောကြာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၀၄ ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်စိန် (မော်လမြိုင်)
အသက်(၈၄)နှစ်

မော်လမြိုင်၊ ဒိုင်းဝန်ကွင်းရပ်၊ ဆန်တန်းလမ်း၊ အမှတ် ၇(က)နေ (ဦးလူနီ-ဒေါ်ပု)တို့၏သမီး၊ ဒေါ်ငွေတင်၏အစ်မ၊ (ဦးဟုတ်တိတ်) ၏ဇနီး၊ ဦးစုရှိန် (လ/ထ အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်မြင့်မြင့်၊ ဦးဂွမ်ရှိန် (ဒုညွှန်ချုပ်၊ ငြိမ်း ၊ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)-ဒေါ်ဝင်းနီ (အထပြ၊ ငြိမ်း)၊ ဦးထျန်စူး တို့၏မိခင်ကြီး၊ ဦးစိုးဝင်းမြင့်၊ ဦးသန်းစိုးရှိန်-ဒေါ်မွေးမွေးသင်း၊ ဦးသန်းအောင်ရှိန်၊ (ယာယီခွဲမှူး) ဗိုလ်ကြီးအောင်ဇော်မိုး-ဒေါ်မြင့်မြင့်စီ၊ ဦးသန့်ဇင်-ဒေါ်မြတ်မြတ်မော် တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၆-၂-၂၀၀၄ ရက် နံနက် ၁:၁၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၈-၂-၂၀၀၄ ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၆၃၁၊ဓမ္မရတနာလမ်း၊ (၆)ရပ်ကွက်၊ လှိုင်သာယာနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီ တွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၀၄ ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ ၆၃၁၊ ဓမ္မရတနာလမ်း၊ (၆) ရပ်ကွက်၊ လှိုင်သာယာ ဦးစုရှိန်၏ နေအိမ်သို့ ကြွရောက်ပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မျိုးတင့်
(ပျဉ်းမနား)
အသက် (၆၁)နှစ်

ပျဉ်းမနားမြို့၊ ရွာကောက်ရပ်၊ ပန်းခင် ၁ လမ်းနေ (ဦးမှတ်ကြီး-ဒေါ်လှအေး)တို့၏ သမီး၊ အရာခံဗိုလ်မောင်သန်း(ငြိမ်း)၏ ဇနီး၊ ဦးရဲကိုကို-ဒေါ်သန်းသန်းရီ၊ ဦးတင့်နိုင်-ဒေါ်ချောမူယာဝင်း၊ ဗိုလ်ကြီးသိန်းဝင်း-ဒေါ်လှလှဝင်း၊ ဒုအရာခံဗိုလ်အေးဟန်-ဒေါ်ကြူကြူသင်း၊ ဦးဇော်မင်း-ဒေါ်နွယ်နွယ်ဝင်း၊ တကမင်းဦး-ဒေါ်မာလွင်အေး၊ ဦးအောင်ဝင်း-ဒေါ်ကေသီမျိုး၊ ဦးဇော်မိုးထွေးတို့၏မိခင်၊ မြေး ၁၃ ယောက်တို့၏အဘွားသည် ၆-၂-၂၀၀၄ ရက် (သောကြာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ (အခန်း ၃၊ တိုက် ၂၇၊ နဝဒေးရိပ်သာ၊ မင်းလမ်း၊ ဗဟန်းမြို့နယ် နေအိမ်မှ ကားများနံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးချိုထွန်း
B.A(History)
စိန့်ဂျွန်းကျောင်းသားဟောင်း
(ကျိုက်လတ်)
အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပဒုမ္မာလမ်း၊ အမှတ် ၁၅၊ (ငါးလွှာ)နေ [ဦးမြသိန်း(မော်ကွန်းဝင် တတိယဆင့်)-ဒေါ်ကျင်]တို့၏သားငယ်၊ ဦးစန်းမြင့်-ဒေါ်သန်းသန်းဝင်းတို့၏ညီ၊မောင်အောင်မျိုးမြင့်-မသန်းသန်းဦး၊ မအေးအေးသော် (တတိယနှစ်၊ စီးပွားရေး)၊ မခင်ချိုဇင် (X-G၊ အထက-၂၊ စမ်းချောင်း) တို့၏ဦးလေးသည် ၇-၂-၂၀၀၄ ရက် (စနေနေ့) နံနက် ၃:၃၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၉-၂-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း အလောင်းတော်ကဿပဖူးမြော်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့သည် ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ကနီမြို့နယ်သို့ရောက်ရှိပြီး အလောင်းတော်ကဿပကို ဖူးမြော်ကြည်ညိုကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ စစ်ကိုင်းတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ နံနက် ၁၁ နာရီခွဲတွင် ကနီမြို့နယ် အလောင်းတော်ကဿပသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ ဖြိုး ရေး ကောင် စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ် ချုပ် မှူး ကြီး မောင် အေး စစ်ကိုင်းတိုင်း ကနီမြို့နယ်ရှိ အလောင်းတော်ကဿပရုပ်ပွား တော်အား ရွှေသင်္ကန်းဆက်ကပ် လှူဒါန်းစဉ်။

(သတင်းစဉ်)

ရွှေသင်္ကန်းဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် အလောင်းတော်ကဿပရုပ်ပုံတော်ကို ဖူးမြော်ကြည်ညိုကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရုပ်ပုံတော်ကို ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဂေါပကအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် အလောင်းတော်ကဿပလိုဏ်ဂူကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✳

ပင်းတယမြို့ ကုံလုံဆရာတော်ကြီး၏ဥတုဇရုပ်ကလာပ်တော်အား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖူးမြော်ကန်တော့

ရန်ကုန် ဖေဖော်ဝါရီ ၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာကြရာ မွန်းလွဲ ၁၂နာရီ မိနစ်၅၀တွင် ရှမ်းပြည်နယ် ဟဲဟိုးလေဆိပ်သို့ရောက်ရှိကြသည်။ စာမျက်နှာ ၁၃ ကော်လံ ၁ ▼

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ် လာရေး	✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ခိုင်မြဲလက်တွဲ တို့မခွဲ အမြဲစည်းလုံးမည် ပြကွက်များပြသထား

သတင်းဆောင်းပါး-စိန်ရွှေလှိုင်၊ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၇

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ဖေဖော်ဝါရီ ၈ ရက်(ယနေ့)မှ စတင်၍ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်သည်။

တပ်မတော်ခန်းမတွင် ခင်းကျင်းပြသထားသည့် ပြည်ထောင်စုနေ့ပြပွဲကို ဝင်ရောက်သည်နှင့်တစ်ပြိုင်နက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ထည်ဝါခန့်ညားလှသော ဓာတ်ပုံကြီးကို မြင်တွေ့ရပြီး ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေး လမ်းညွှန်မှာကြားချက် စာတန်းကို တွေ့ရှိရသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဓာတ်ပုံကြီးတစ်ဖက်တစ်ချက်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားအမျိုးသား၊ အမျိုးသမီးပုံများ ပြသထားသည်။ ထို့ပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပြကွက်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ *စာမျက်နှာ ၂ ကော်လံ ၄* ■

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့် ဖေဖော်ဝါရီ ၆ ရက်က ပင်းတယမြို့ ကုံလုံပရိယတ္တိစာသင်တိုက်အနီး၌ ကုံလုံဆရာတော်ကြီး ဘဒ္ဒန္တတေဇနိယ၏ ရုပ်ကလာပ်စံကျောင်းတော်ဗိမာန်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဘင်းမ်စတက် ဘောလုံးပြိုင်ပွဲ မြန်မာဗိုလ်လုပွဲတက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၇

ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက် (BIMST.EC)လူငယ်ဘောလုံးပြိုင်ပွဲ ပထမအကြိမ်ဗိုလ်လုပွဲစဉ်ကို ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ ဖူးကတ်မြို့၌ကျင်းပရာ မြန်မာလူငယ်အသင်းက ဘင်္ဂလားဒေ့ရှ်လူငယ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲတက်ရောက်သွားပြီဖြစ်သည်။

မြန်မာလူငယ်အသင်းသည် ပထမပိုင်းတွင်ခြေသာပြီး ဖိကစားနိုင်သော်လည်း ဘင်္ဂလားဒေ့ရှ်လူငယ် *စာမျက်နှာ ၁၄ ကော်လံ ၁* ●

ယနေ့ထုတ်စောင်ရေ ၁၉၉၁၇၀

8-2 (20).p65 1 3/24/05, 11:54 PM